၂၈

စိရံတိဋ္ဌတု သဒ္ဓမ္မော

ပြည်ထောင်စု မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့

ကမ္မဋ္ဌာနာစရိယဖြစ်တော်မူသော

# ဉာဏာစာဂီ မဟာထေရ်

စီရင်ရေးသားအပ်သော

# ရွှေမြိုင်မြို့မရမ်းကုန်းရပ်

# တရားစာ။

ကောဓမ္မော-ကောယနော၊ ဘုရားဟော

## ယောဂီတို့သတိချပ်ရန်။

ဓါတ်ပေါ်မှု နာမ်ကရူ။ ● လယ်တီဆရာတော်။

ပေါ်သိ ပေါ်သိ၊ နိဗ္ဗာန်အထိ။ ● ဉာဏာစာဂီဆရာတော်။

…၊ သိမှု၊ ဤ၂ ခုသတိကြပ်ကြပ်ပြု။ ● စွန်းလွန်းဆရာတော်။


အုပ်ရေ (၁၀၀၀)

ဉာဏာစာဂီ ဝိပဿနာ ကမ္မဋ္ဌာန် ကျောင်းတိုက်
ရှစ်မိုင်-သမိုင်းစာတိုက်-ရန်ကုန်မြို့။
စကားပြောကြေးနန်း-၆၀၁၀၃

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုသည့်အမှတ် (၃၄၂၆)

နိုင်ငံတော် ကမ္မဋ္ဌာနာ စရိယ

ဉာဏစာဂီ မဟာထေရ် ဆရာတော်ဘုရားကြီး၏ပုံ



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊

# ရွှေမြိုင်မြို့ မရမ်းကုန်းရပ် တရားစာ

## ဓမ္မဝိစယ နိဒါနကထာ

(၂၄-သင်္ချေ၊ ကုဋေ(၆၀)ဝိုလ်ခြေတသိန်းတို့ တူးယှဉ်၍ သူဌေးဖြစ်ကြပြီ။)

| သမုဒ္ဒရာသာဂရကြီးထဲမှာ ရတနာတွေ ၇-၉-၁၀-၅၆-ပါး | သာသနာကြီးထဲမှာ ရတနာတွေ ၇-၉-၁၀-၅၆-ပါး |
| --- | --- |

| မိမိ၏ခန္ဓာကိုယ်ကြီးထဲမှာ ရတနာတွေ ၇-၉-၁၀-၅၆ စသည်ရှိကြ |
| --- |

2 AUG 196

**သာသနာတွင်း လူစစ်လူမှန်ဖြစ်လျှင်**

**မောင်ဖြူ-မယ်ဝ လိုတူးကြ**

မောင်ဖြူနှင့်မယ်ဝသည်၊ဇနီးမောင်နှံတည်း။ ၎င်းတို့ဟာ ထိမ်းမြားပြီးစ၌ မိဘအိမ်၌ပင် နေကြရသည်။ မြေပိုင်မရှိ၊ ိမ်ပိုင်မရှိပါ။ ပုထုဇဉ်ဘဝနှင့် တူလှ၏။ အနိယတဂတိကာ ာဖြစ်၏။၎င်းတို့လင်မယားဟာ ဆင်းရဲခံ၍ ပစ္စည်းကို ရှာကြသည်။အပင်အပန်းခံ၍စုကြသည်။ပစ္စည်း ရွှေငွေအတော် အတန်လောက် စုမိကြ၏။ လက်ညီ တက်ညီ ရှာကြတာမို့ အမြန်ရသည်။ဇနီးမောင်နှံတိုင်ပင်ကြ။အိမ်ဆောက်၍နေရန် ဟု။မြေဂရန်ဝယ်ယူကြသည်။ မြေကိုရလျှင် အိမ်ဆောက်ရန်

ရှင်းလင်းမြေညှိတော့ ရင်းတို့၏ကုသိုလ်ကံက စီမံလာသဖြင့် ဝိဇ္ဇာအဘိုးကြီး တဦးရောက်ရှိလာသည်။ ဝိဇ္ဇာအဘိုးကြီးက မေးသည်မှာ။ မောင်၏နာမည်ကို ပြောပြစမ်းပါတဲ့။

ကျွန်တော်၏နာမည် မောင်ဖြူ ဖြစ်ပါတယ် အဖိုးရယ်။

(ဝိဇ္ဇာ) ဘာလုပ်နေတာလဲ မောင်ရင်ရဲ့။

(ဖြူ) အိမ်ဆောက်နေမယ်လို့ အိမ်နေရာကို ရှင်းလင်းနေပါတယ်။

(ဝိဇ္ဇာ) အင်းအင်း နာမည်ကတော့ မောင်ဖြူတဲ့။ လုပ်ပုံကတော့ မောင်မဲပါကလားကွယ်ဟု ကဲ့ရဲ့သည်။

(ဖြူက) ကမ္ဘာ့ရိုးရာကံထွာ၊မွေတာမှာ ပထမဦးငွေကို ရှာရမယ်။ ရလျှင် မြေကိုဝယ်ရမယ်။ ရလျှင်ထိုနေရာ၌ အိမ်ဆောက်ရမယ်။ ပြီးလျှင်တက်၍နေရမယ်။ ဒါဟာ လမ်းရိုးသမ်းစဉ်ကြီးဘဲ မဟုတ်ပါလား အဘိုးနဲ့။

(ဝိဇ္ဇာ) အဲဒီ လမ်းရိုးလမ်းစဉ်သို့ လိုက်လိုက်နေကြလို့။ လူစော်မနံတာပေါ့ကွယ်။ဒီအတိုင်း မောင်ရင်ဟာ ပြုခဲ့လျှင် ဘယ်နံ့ရောအခါမှ သူဌေးကြီးမဖြစ်တော့ဘူး။ ဆင်းရဲဘဝမှ မထရတော့ဘူးကွဲ့ ။

(ဖြူ) ဩဝါဒပေးပါ အဖိုး လိုက်နာပါမည်ဟု တောင်းပန်ရာ။

(ဝိဇ္ဇာအဘိုးကြီးက) မောင်ရင်ဝယ်ထားတဲ့ မြေ၌ တူးတူးကြည့်ပါဦး (၁၅)တောင်မှာ ရတနာ ၇-ပါး၊ ၉-ပါး ၁၁-ပါးကိုတွေ့မည်။ (၁၆) တောင် နက်အောင် တူးပြီး

ရတနာတွေကိုယူတော့။ ဝဇ်းရတနာတွေနဲ့ အရင်းတည်ပြီး နေစရာကိုပြုသော် တိုက်တာ ဘုံနန်း၊ အုံမခန်းတွေကိုလဲ ရမည်။ပစ္စည်းကိုလဲရပြီးမို့ သူဌေးကြီးလဲဖြစ်မည်ဟု နည်းပေးသည်။ မောဇ်ဖြူသည်၊ မယ်ဝနှင့်တိုင်ပင်ပြီး လင်ကတူးတူးပေးသည်။မယားက ယက်ယက်ထုတ်သည်။ဤလိုနှင့်တူးပေး ယက်ထုတ်ပြုကြရာ(၁၅)တောင်နက်လာတော့ ရတနာတွေကိုတွေ့ရသည်၊ (၁၆)တောင်နက်တော့ ရတနာတွေကိုရကြသည်။သူဌေးလင်မယားဖြစ်ကြသည်။သူဌေးဖြစ်လာမှ လက်သမားတွေကိုငှါးပြီး နေစရာဆောက်လုပ်စေရာ တိုက်နှင့်တာနှင့် ဘုံနှင့် နန်းနှင့် ဆန်းဆန်း-ကြယ်ကြယ်၊ ထယ်ထယ်ဝါဝါ၊ခမ်းခမ်း-နားနား၊ ဆန်းဆန်း-ပြားပြားဖြစ်နေကြရသည်။ ပြီးမှတက်၍နေကြရာ မဟာသုခ၊ အတိမဟာသုခ အတိအတိမဟာသုခနှင့်ကျော်ကြား ထင်ရှားလာကြသည်။ ဤကား မောင်ဖြူရုပ်နာမ်တို့ လင်မယား ဥပမာတည်း။ ပုတုဇဥ်များဟာလဲ ခန္ဓာအိမ်ဆောက်ဘို့မြေဝယ် ငြိး ဝိပဿနာနဲ့မတူးကြသေးဘဲ။(၁)ဒါနနဲ့ လူ့အိမ်ကို ဆောက်၍နေကြတယ်။ (၂) သီလနဲ့နတ်အိမ်ကို ဆောက်၍နေကြတယ်။ (၃)သမထနဲ့ဗြဟ္မာအိမ်ကို ဆောက်၍နေကြတယ်။ ပုထုဇဥ်ဆင်းရဲသားဘဝမှ ယခုအထိမရဘဲနေကြရတယ်။X အရိယာများမှာတော့ ဝိဇ္ဇာအဘိုးကြီး၏ ဩဝါဒကြောင့် ခန္ဓာအိမ်ဆောက်ရန်မြေဝယ်ပြီး ခန္ဓာမြေရတော့ ခန္ဓာမြေ၌ ဝိပဿနာနှင့်တူးကြသည်။တူးပုံကား (သတိကတူးတူးပေးတယ်။)

(သမာဓိကယက်ယက်ထုတ်တယ်။) ဒီပုံစံအတိုင်း (တူးတူး ယက်ယက်ပေးတော့) နာမရူပပရိစ္ဆေဒဉာဏ်တတောင်နက် ပြီ၊ပစ္စယပရိဂ္ဂဟဉာဏ် ၂-တောင်နက်ပြီ။သမ္မသန ၃-တောင် ဥဒယဗ္ဗယလေးတောင်၊ ဘင်္ဂ ၅-တောင်၊ ဘယ ၆-တောင်၊ အာဒီနဝ ၇-တောင်၊ နိဗ္ဗိန္ဒ ရှစ်တောင်၊ မုစ္စိတုကမျတာ ကိုး တောင် ပဋိသင်္ခါဆယ်တောင်။သင်္ခါရုပေက္ခာဆဲ့တတောင် အနုလောမ-၁၂ တောင်။ဂေါတြဘူ-၁၃ တောင်။ မဂ်ဉာဏ် ၁၄-တောင်။ဖိုလ်ဉာဏ်၁၅-တောင်။ပစ္စဝေက္ခဏာဉာဏ်-၁၆ တောင်ရသဖြင့် လောကုတ္တရာသောတာပန်သူဌေးကြီး လင် မယားဖြစ်လာကြသည်။ဒီတော့မှဘာပြုပြု ဝိဝဋ္ဋဒါန, သီလ သမထတွေဘဲဖြစ်ရသည်။ (လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝနဲ့ ဘဲနေနေ၊အရိယာ၊ လောကုတ္တရာဟု ထင်ပေါ် ကျော်စော ချမ်းသာ၍ နိဗ္ဗာန်အထိ တက်မည်။ [ ကုမ္ဘဃောသက သူဌေး သားဝတ္ထုကိုလဲကြည့်ကြပါ။ မြေဦးမတူးမှိုက သိပ်ပြီးဆင်းရဲ ခံရသည်။တူးတော့ ဘုရင်၏ သမီးနဲ့တောင်ညားနေရသည်။] သာသနာတွင်းက လူများတူးကြပါတော့ ဌေးကြပါတော့။

**တသံသရာလုံး နိဗ္ဗာန်အထိ အိမ်ပိုင် တိုက်ပိုင်**
**နန်းပိုင်နေကြလော့**

| ၆-ဌာန၊ | လူ့ | နတ် | ဗြဟ္မာ | မဂ် | ဖိုလ် | နိဗ္ဗာန် |
|---|---|---|---|---|---|---|
| ရုပ်နာမ်နဲ့ | အိမ် | ။ | ။ | ။ | ။ | ။ |
| ကြောင်းကျိုးနဲ့ | တိုက် | ။ | ။ | ။ | ။ | ။ |
| ဖြစ်ပျက်နဲ့ | နန်း | ။ | ။ | ။ | ။ | ။ |

အိမ်ပိုင် ၆–လုံးဝယ်ကြရန်မှာ ဝိပဿနာကို အားထုတ်တော့ ခန္ဓာကိုယ်ထဲမှ(သေိ)စသည်ဖြင့်။ရုပ်နာမ်ပေါ်သည်။ (နာမရူပပရိစ္ဆေဒဉာဏ်ကိုရပြီ၊ အရိယာနဲ့ လူ, နတ်, ဗြဟ္မာ မဂ်,ဖိုလ်,နိဗ္ဗာန် ၆–ဌာနဌ် အိမ်ပိုင် ၆–လုံးကိုရ၏။× သေိဌ် ကေအကြောင်း၊သိကအကျိုး၊ကေပစ္စဒ်ဲ့စွဘဲ။သိကသမုပ္ပါဒ်ဘဲ ဟုသိလျှင် ပစ္စယပရိဂ္ဂဟ ဉာဏ်ကိုရပါပြီ၊ ၎င်းဉာဏ်ကြောင့် လူ,နတ်,ဗြဟ္မာ မဂ် ဖိုလ် နိဗ္ဗာန် ၆–ဌာနဌ် အရိယာဘဝနဲ့ တိုက် ၆-လုံးကိုရလာပြန်၏။××ဖြေစ်ပျက်၊ သိဖြစ်ပျက်ဟူ၍ အနိစ္စ၊ဒုက္ခ၊အနတ္တဉာဏ်ပိုင်၍ လူ နတ် ဗြဟ္မာ မဂ်ဖိုလ်နိဗ္ဗာန် ၆–ဌာနဌ် အရိယာဘဝနဲ့ ထီးပိုင်၊ နန်းပိုင်၊ ကြငှန်းပိုင်ရပြန် ၏။အဲဒါလို အိမ်တိုက် နန်းအပိုင် ရှာပြီးနေကြပါလေ။

တသံသရာလုံး နိဗ္ဗာန်အထိ(၁၅) (၃၅)စရဏတွေ ခြံရံ၍ ဘုရင်ဘဝနဲ့နေသွားကြပါ။

| ပရိကံ | ဥပစာ | အနုလုံ | ဂေါတြဘူ | မဂ် | ဖိုလ် | ဖိုလ် | ၇ဌာန |
|---|---|---|---|---|---|---|---|
| ၁၅ | ၁၅ | ၁၅ | ၁၅ | ၁၅ | ၁၅ | ၁၅ | |
| ၃၅ | ၃၅ | ၃၅ | ၃၅ | ၃၅ | ၃၅ | ၃၅ | |
| ခြံရံ | ခြံရံ | ခြံရံ | ခြံရံ | ခြံရံ | ခြံရံ | ခြံရံ | |

ဝိပဿနာတရားကိုအားထုတ်တော့ ပရိကံ၊ ဥပစာ၊အနုလုံ၊ ဂေါတြဘူ၊ မဂ်၊ ဖိုလ် ဖိုလ်ဟု ဝိပဿနာဇော ခုနစ်ကြိမ်ကမြဲဖြစ်သည်။ ဇောတခုတခု၌ ဝါ၊ ပရိကံ တခု၌ပင် (၁၅) စရဏ၊ (၃၅) စရဏတရားတွေ ခြံရံလိုက်ရသည်။ ကျန်ဇောတွေ၌ ဤနည်းပါဘဲ။

| ဒါန | သီလ | သမထ | ဝိပဿနာက | ဒါ, သီ, ထ, |
|---|---|---|---|---|
| ရွှေအိုး | ရွှေအိုး | ရွှေအိုး | တူးဖေါ်သုံး | ကုသိုလ်က မဂ် |

ဖိုလ်နိဗ္ဗာန်ရွှေအိုးများမြှုပ်ထားသည်။ဝိပဿနာက တူးဖေါ်သုံးစွဲသည်။


| ဒါန | သီလ | သမထ | ဝိပဿနာက |
|---|---|---|---|
| လူ့ခန္ဓာအိမ် | နတ်ခန္ဓာအိမ် | ဗြဟ္မာ့ခန္ဓာအိမ် | ၃-အိမ်ဖျက် |

နမနုဿော၊ လူမရှိ။နဒေဝေါ၊ နတ်မရှိ။နဗြဟ္မာ၊ ဗြဟ္မာမရှိ။နဣတ္ထိ၊ မိမ္မမရှိ။ **န**ပုရိသော ယောကျ်ားမရှိ။အဲဒါ ဒါန သီလ၊ သမထ အိမ်ကို ဖျက်၍။ မဂ်,ဖိုလ် ယူပုံ နည်းပြ၏။

## မမွာရုံကြီးဆောက် မဂ်,ဖိုလ်,နိဗ္ဗာန်ရောက်


သတိ၊ သမာဓိ၊ ပညာ ယာဉ်သုံးဖြာပြခမ်း

(၁) သတိတထပ်





ရှိ၊ လူ၊ နတ်၊ စကြဝာ၊မိုး အိုး၊တောင်၊ပဒေသာ ဣစ္ဆာအစုံရ။

(၂) သမာဓိ ၂-ထပ်




ရှိ၊ ဗြ-၂၀၊ ထ၊ ဝိ၊ ဘို၊ မာ၊စျာန်၊ ရှိုး၊-မိုးခိုး၊ ၄၀၊ ၄၀ က-၈၄၀၀၀

(၃) တိ၊ မိ၊ ပညာသုံးထပ်


ရှိ၊ မ၊ ပ၊ နိ
လောကုတ္တရာ
အစုံရပုံ။

(၁)အရ၊ စိတ်ကိုသတိခြံ ထဲ၌ထားသည်၊ထို့ကြောင့် အရိယာလူ၊ အရိယာ နတ် စကြာရသော မင်း၊ ရွှေမိုး

ငွေမိုးရွာချရ။ရွှေအိုး–ငွေအိုးပေါ်ရ။ရွှေတောင်–ငွေတောင် ပေါက်ရ၊ရွှေပဒေသာ၊ငွေပဒေသာရစေသော။ ရောမအကျိုး ကြီးတွေနှင့်ကျင့်သောနေ့ကစ၍ နိဗ္ဗာန်အထိ တသံသရာလုံး ထိပ်တန်းက အတုမရှိဘဲ ချမ်းသာကို ဖြစ်စေသည်။ (၂) သမာဓိအတွက်ကား အရိယာဘဝနှင့်ပြဟ္မာ ၂၀–ဖြစ်ရခြင်း သမထလေးဆယ်၊ ဝိဇ္ဇာ၊ အဘိညာဉ်၊ သမာပတ်၊ ဈာန်ကိုး ဈာန်၊ မြေသျှုိး မိုးပျံတန်ခိုးဈာန်၊ ရှေးကမ္ဘာလေးဆယ် ကိုမြင်စွမ်းနိုင်သော ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်၊ နောက် ကမ္ဘာလေးဆယ်ကို မြင်စွမ်းနိုင်သော အနာဂတံသဉာဏ်။ ကမ္ဘာပေါင်း (၈၄၀၀၀) နေရခြင်း စသော သတ္တိ–ဗျတ္တိ တန်ခိုးတေဇော်အာနုဘော်တို့ကို ကျင့်သောနေ့က နိဗ္ဗာန် အထိ တသံသရာလုံး ချမ်းသာစေမည်။ (၃) နံပါတ် သတိ သမာဓိ၊ ပညာ သုံးထပ်ထဲက စိတ်အတွက်ကြောင့် အရိယာ ဘဝနဲ့မဂ်ရ၊ ဖိုလ်ရ၊ နိဗ္ဗာန်ရ၊ လောကုတ္တရာဘုံ၌ ကျင့်သော နေ့ကစပြီး နိဗ္ဗာန်အထိ တသံသရာလုံး ချမ်းသာစေသည်။

တနည်း။ (၁)ကား အဓိသီလသိက္ခာ၊အဓိသီလသာသ နာ ဝိနည်းငါးကျမ်းအစွမ်းမို့ စကြာယာဉ်ရသော မမွာ

စကြာမင်းကြီးဖြစ်ရသည်။ (၂)ကား အဝိစိတ္တသိက္ခာ၊အဓိ စိတ္တသာသနာ သုတ္တန်မို့ ချာန်ယာဉ်စီး၍နေရ၊သွားရသည်။ (၃)ကား အဓိပညာသိက္ခာ၊အဓိပညာသာသနာ အဘိဓမ္မာ အစွမ်းရှိနေတာမို့ မဂ်ယာဉ်စီး၍သွားရ၊ နေရသည်။

တနည်း။ (၁)ကား ကမ္မပစ္စယောနှင့် ကမ္မဝိပါကော အစိန္တေယျာမို့ ကုသိုလ်ကံ၏ အကျိုးပေးဟာ အစိန္တေယျ ပါဘဲ။ (၂)ကား ဈာနပစ္စယောနှင့် ဣဒ္ဓိသယော အစိန္တိ ယျောမို့။ တန်ခိုးတေဇော် အာနုဘော်၏ အကျိုးပေးဟာ အစိန္တေယျပါဘဲ။(၃)ကား မဂ္ဂပစ္စယောနှင့်ဉာဏဝိသယော အစိန္တိယျောမို့ ဉာဏ်ပညာ၊ ဝိဇ္ဇာ၊ အာလောက၏ အကျိုး ပေးဟာ အစိန္တိယျပါဘဲ။ ယခုရှင်းသင်း၍ ပြသကဲ့သို့ (၁) မှာ ၃၃-တန်း။(၂)မှာ ၃၃-တန်း။(၃)မှာလဲ ၃၃-တန်းနှင့် ဉာဏစာဂီမဟာထေရ်က ဟောဖေါ်ပြသ ဆုံးမသြဝါဒပေး သကဲ့သို့ ဟောပြနည်းပေး၍ စေတနာ၊ သဒ္ဓါ၊ ဝီရိယ ပညာ တိုးတက်၊ ကြွယ်ဝ ပြည့်ဝသွားအောင် နှိုးဆော်အားပေး တိုက်တွန်းပြသကြပါလေ။

## ဓမ္မာရုံဆောက်ပုံ ၂-မျိုး


ယခုအချိန်အခါဝယ် အချို့ကား တထောင်တန်၊ တ သောင်းတန် တသိန်းတန်၊တသန်းတန်၊တကုဋေတန်၊ဓမ္မာရုံ ကြီးတွေဆောက်လုပ်ကြသည်။ ကုသိုလ်တွေ ရနေကြသည်။ သိကြားမင်းအလောင်းကိုမာဃနဲ့ သုဓမ္မာမိဖုရားအလောင်း

တို့လဲလူ့ဖြစ်စဉ်က သုမ္မောသဘင်ဟုဘွဲ့တပ်၍ဓမ္မာရုံဆောက် လုပ်ကြသည်။ သေလျှင်နတ်ဖြစ်၍ သံကြွားမင်းနှင့်သုမေ္မာ မိဖုရားများဖြစ်၍ သွားကြသည်။ ၎င်း ကုသိုလ် ကြောင့် တာဝတိံသာ နတ်ပြည်မှာ (သုဓမ္မာသဘင်ဟု) ပေါ်နေ သည်။အဲဒါ (လောကီဓမ္မာရုံတွေ ဆောက်နေကြပုံတည်း။)

ခန္ဓာ၌၊ သတိထား၍ သမာဓိတည်၍ သေပညာနှင့် ဝါ နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပညာနှင့် စိတ်မြေပေါ်မှာ ပရမတ္ထ သဘာဝ၊ ဓမ္မာရုံဆောက်ကြသည်။ အဲဒါမှ မဂ်ရ၊ ဖိုလ်ရ၊ နိဗ္ဗာန်ရတဲ့ လောကုတ္တရာ ဓမ္မာရုံဆောက်ပုံပါဘဲ။

(၁)(ပဋ္ဌာန်းရုံဆောက်ကြပုံ) (၂) ဓမ္မာရုံဆောက်ကြပုံ

| | | | | |
|---|---|---|---|---|
| ရူ | ဒ္ဒါ | ဂံ | ရ | ဖ |
| ⋮ | ⋮ | ⋮ | ⋮ | ⋮ |
| စ | သော | ဃါ | ဇိ | ကာ |




(၁) ပုံစံကား (ရူပါရမ္မဏံ စက္ခုဝိညာဏ ဓါတုယာ၊ တံသမ္ပယုတ္တာကာနဉ္စဓမ္မာနံ၊ အာရမ္မဏပစ္စယေန ပစ္စယော။ သဒ္ဒါရမ္မဏံ သောတဝိညာဏ ဓါတုယာ (လ)ဂန္ဓာရမ္မဏံ၊ ဃာနဝိညာဏဓါတုယာ။ (လ) ရသာရမ္မဏံ၊ ဇိဝှာဝိညာဏ ဓါတုယာ (လ) ဖေါဋ္ဌဗ္ဗာရမ္မဏံ၊ ကာယဝိညာဏ ဓါတုယာ တံသမ္ပယုတ္တကာနဉ္စဓမ္မာနံ၊ အာရမ္မဏ ပစ္စယေန ပစ္စယော။) ဟူသော ပဋ္ဌာန်းပါဠိတော်အရ။ (က)ရူပါရုံကိုစက္ခုဝိညာဉ် နဲ့(ခ)သဒ္ဒါရုံကို သောတဝိညာဉ်နဲ့။ (ဂ) ဂန္ဓာရုံကို ဃာန

ဝိညာဉ်နဲ့။ (ဃ) ရသာရုံကို ဇိဝှာဝိညာဉ်နဲ့ ဖောဋ္ဌဗ္ဗာရုံကို ကာယဝိညာဉ်နှင့် အာရုံပြုပြုနေကြသည်။ ပုထုဇဉ် ကာမ ာရုံ၊ကာမဂုဏ်ခံစားရာ၌ ထင်ရှားလှသည်။ (ပဉ္စာရုံအစာ ပြပါလို့ ကမ္ဘာက ချော့လေရော့ထင် ဇကျောမာန မပြော့ ချင်သည်၊ မလျှော့လျှင်သက်ဆုံးပ နရက်လုံးရောက်လိမ့်မှာ ဒုက္ခဖြာဖြာ ဥက္ကဋ္ဌသာသနာမှာ မြတ်ဓမ္မာရှုသုံးဘို့လေး။) ဟူသော။တေးထပ်နောက်ပိုင်းကို သတိပြုကြပါဦး။ရှင်းပြင် [စက္ခုရှုပေန သံဝါသာ ရာဂပုတ္တော ဝိဇာယတိ။] စက္ခုနှင့် ရူပါရုံ အိမ်ထောင်ပြုလို့ ရာဂသားကလေး မွေးဖွါးပြီးတဲ့ ဒါလဲသတိပြုကြပါဦး။ (စက္ခုနာရူပံဒိသွာ၊နိမိတ္တဂ္ဂါဟီဟော တိ။)ကိုလဲ သတိထားကြပါ။ (စက္ခုနာရူပံဒိသွာ၊ အနုဗျဉ္ဇ နဂ္ဂါဟီဟောတိ။)လဲ မမေ့ကြပါနှင့်။စက္ခု သောတ၊ ဃာန ဇိဝှာ၊ ကာယ ကာမဂုဏ် အာရုံ ငါးပါးဘဲဟူ၍ နိုင်ငံက သိထားကြပါတယ်။

(၂) နံပါတ်၊ စိတ်မနောထဲမှာ ဓမ္မာရုံ ဆောက်ကြပုံ၌ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ ဆိုတဲ့ အာရုံ ၆-ပါးဟာ (သူ့အာရုံ၊ သူ့ဒွါရနှင့် မသွားကြဘဲ။) ဓမ္မာရုံဖြစ်အောင် သတိရှိနေတဲ့ သမာဓိရှိနေတဲ့ ပညာရှိနေတဲ့မနောပေါက်ကထွက်တယ်။ဒါကြောင့်မနောဒွါရဝီထိလို့ လဲခေါ်ရတယ်။ဓမ္မာရုံလို့လဲခေါ်ရတယ်။(သါကေမှာ)ရူပါ ရမ္မဏံ၊သဒ္ဒါရမ္မဏံ၊ဂန္ဓာရမ္မဏံ၊ရသာရမ္မဏံ၊ဖောဋ္ဌဗ္ဗာရမ္မ ဏံ၊ဓမ္မာရမ္မဏံ၊မနောဝိညာဏဓါတုယာ၊ တံသမ္ပယုတ္တကာ

နဍ္ဍမမှာနံ၊အာရမ္မဏပစ္စယေနပစ္စယော။)ဟူ၍ ပဋ္ဌာန်းပါဠိ တော်၌။မြတ်စွာဘုရားဟောထားပါသည်။ ၎င်းပြင်၊ အရှင် ပေါဋ္ဌိလမထေရ်က ၇-နှစ်အရွယ် ရှင်သူငယ်ကလေးထံမှာ ဝိပဿနာရှုနည်းကို တောင်းခံတော့ ရှင်သူငယ် ခုနစ်နှစ် အရွယ်ကလေးက အရှင်ဘုရား တောင်ပို့ကြီးတခုဘာ ရှိပါ တယ်။ ဖွတ်ခြောက်ကောင်လဲ ဝင်နေပါတယ်။ ၎င်းဖွတ် ခြောက်ကောင်ကို တကောင်မှမလွတ်တမ်း ဖမ်းချင်သော် ဘယ်ပုံဖမ်းမှမိမှာလဲဟုမေးတယ်။ အရှင်ပေါဋ္ဌိလ၊ ပိဋကတ် အိုးကြီးက၊ငါ့ရှင် သာမဏေ၊ ငါးဒွါရကိုပိတ်၍ ငါးပေါက် ကိုပိတ်၍ မနောဒွါရတပေါက်ထဲ၌ စိတ်ရော၊ သတိ၊သမာဓိ ပညာရော၊ အစောင့်ချထားပြီးဖမ်းသျှင် ရူပါရုံလာလဲမိရော သဒ္ဒါရုံလာလဲမိရော။ ဂန္ဓာရုံလာလဲမိရော။ ရသာရုံလာလဲမိ ရော။ ဖောဋ္ဌဗ္ဗာရုံလာလဲမိရော။ ဓမ္မာရုံလာလဲ မိရောဟု ဖြေ သည်။(သာဓကပါဠိမှာ)ဘန္တေကေသံ ဝမ္မံကေ ဆဆိဒ္ဒါနိ တတ္ထဧကေနဆိဒ္ဒေန၊ ဂေါဓါအန္တော၊ ပဝိဋ္ဌာ၊ တံဂဏှိတု ကာမာ၊ဣတရာနိပဉ္စဆိဒ္ဒါနိထကေတွာ၊ ဆဋ္ဌံဘိန္ဒိတွာ၊ပဝိဋ္ဌ ဆိဒ္ဒေနေဝ၊ဂဏှာတိ၊ဧဝံတုမှေ၊ ဆဒွါရိကေသု၊ အာရမ္မဏေ သု၊သေသာနိ ပဉ္စဒွါရာနိ၊ ပိဓါယ၊ မနောဒွါရေကမ္မံ ၊ ပဋ္ဌ ပေဿထ၊ ဗဟုသုဘာသ၊ ဘိက္ခုနော တွေကေနေဝ၊ပဒိပုဂ္ဂ လနံဝိယ၊အဘောသိ။]ဓမ္မပဒအဋ္ဌကထာ ဒုတိယအုပ် နံပါတ် ၂၆၃၊ ကြောင်းရေ-၆ သုမ္မမှ။ အစ၊ အဝိပ္ပါယ်ရော၊ ယခု သာဓကပါဠိရော ဟူပြသည်။ ဒီပုံမဟုတ်ဘဲ။ စက္ခု ဝိညာဉ်

စသည်ဖြင့်။ ရူပါရုံစသည်တို့ကို။ ရပ်ရွာတိုင်း အသုံးပြုမိသော (ယတ္တာဓိကရဏ၊ စက္ခုန္ဒြိယံ၊ အသံဝုတ်၊ ဝိဟာရန္တ တမေနံ ဘိက္ခု၊ ပါပကာ အကုသလာဓမ္မာ၊ အန္ဝာသဝေယျုံ။) ဟူသော သဋ္ဌာယတန ဝဂ္ဂသံသုတ်ပါဠိတော်နှင့် (စက္ခုရူပေန သံဝါသံ၊ ရာဂပုတ္တ ဝိဇာယတိ။) စသော။ ၆-ဒွါရ၊ ၆-ဝိညာဉ်ဖြင့် ၆-အာရုံကို ဖမ်းနေသော ရာဂသား ၆-ဦးဖွါး၍ အပါယ်လေးပါး၌ ဒုက္ခများ၍ နေကြ တော့မည် သတိ။

## နောက်ဆုံးပိတ်အိပ်နဲ့လွယ်စကားပုံ

[သဲလုံးအမျှ ပွင့်ကုန်ကြတဲ့ ဘုရားတွေ။ ၎င်းပစ္စေက ဗုဒ္ဓါတွေ၊ အဂ္ဂသာဝကတွေ၊ မဟာသာဝကတွေ၊ ပကတိ သာဝကတွေ၊ ရဟန္တာတွေ အနာဂါမ်တွေ၊ သကဒါဂါမ်တွေ သောတာပန်တွေ ၂၄-သင်္ချေတွေ၊ ကုဋေ(၆၀)တွေ၊ ဗိုလ် ခြေတသိန်းတွေဟာ အစဉ် ဒါန၊ သီလ၊ သမထနှင့်၎င်း။ ပါရမီဆယ်ပါးနှင့်၎င်း။ ဖြည့်ကျင့်ကြသည်။ (နောက်ဆုံး ပိတ်အိပ်နဲ့လွယ်)စကားပုံအတိုင်း ၃၁-ဘုံမှ ကျွတ်ချင်၊ လွတ် ချင် ထွက်မြောက်ချင်တော့ ဝိပဿနာနှင့်အိပ်အပြည့် လွယ် ၍ နိဗ္ဗာန်ဝင်စံကြရသည်။ ဒါနပြု နောက်သုံးဗိတ် ဝိပဿနာ အိပ်နဲ့လွယ်ရတယ်။ သီလပြု နောက်ဆုံးဗိတ်ဝိပဿနာအိပ်နဲ့ လွယ်ရဘယ်။ သမထပြု နောက်ဆုံးဗိတ် ဝိပဿနာအိပ်နဲ့လွယ် ရတယ်။ ပါရမီဖြည့်ကျင့်ပြီးနောက် ဗိတ်ဆုံးမှာ ဝိပဿနာ အိပ်နဲ့လွယ်ရတယ်။ (ဝိပဿနာသုခတော၊ ဉတ္တရိသုခံ နာမ နာမနတ္ထိ။) ၃၁-ဘုံမှာဖြင့် ဝိပဿနာသုခလောက်ကြီးကျယ်

သော သုခဆိုတာမရှိတော့ပါဘူးတဲ့။ဝိပဿနာရှုလို့ သံသရာက ပါရမီတွေ ကုသိုလ်တွေဟာ လိုက်လာပြီး အကျိုးပေးကြတယ်။ (ရတနာရှိရာ ရတနာလာ)ပါတဲ့။

## ပဲခူးဆား သူပါမှအရသာရှိတယ်

တသံသရာလုံး ဆည်းပူးကျင့်ကြံ စုရုံးလာခဲ့တဲ့။ ဒါန, သီလစသော စရဏကုသိုလ် ၁၅-မျိုး။ ဝါ။၁၅-မျိုးတွေဟာ အစာအာဟာရနှင့်တူပါတယ်။ ဝိပဿနာပဲခူးဆားထဲ့ပေးမှ။ ဝိမုတ္တိရသအရသာ။ အထူးအမြတ် ပေါ်လာသည်။ (အမနုဿီရတီဟောတိ၊ သမ္မာဓမ္မံဝိပဿတော။) ကြည့်ပါ။

ဟစ်အော်ပြီးခေါ်မနေနဲ့ ဝိပဿနာရှုလျှင် မဂ်, ဖိုလ်, နိဗ္ဗာန်လာမှာပါတဲ့။ဤဒါန၊သီလ၊သမထကြောင့် မဂ်,ဖိုလ်, နိဗ္ဗာန်ကိုရရပါလို၏ဟု။ ဒါနနဲ့၊ သီလနဲ့၊ သမထနဲ့ မဂ်,ဖိုလ်, နိဗ္ဗာန်ကိုအော်အော်ဟစ်ကျေးပြီး ခေါ်ခေါ်နေကြတယ်။ ခေါ်လို့ မဂ်,ဖိုလ်,နိဗ္ဗာန်လာပါ့ရဲ့လားဆိုတော့၊ယခုအထိမလာကြဘူးဗျား။ဝိပဿနာရှုတော့၁၄-ဆင့်မှာမဂ်၊၁၅-ဆင့်မှာဖိုလ် ၁၆-ဆင့်မှာ နိဗ္ဗာန်လာတယ်ဟု သင်္ဂြိုဟ်ကျမ်းကစ၍ပြနေပါပကော။

ရုပ်အစစ်၊ နာမ်အစစ် ဘာကြောင့်ရှာလို့ မတွေ့သေးသနည်း။စဉ်းစားကြ၊ဆင်ခြင်ကြ၊တိုင်ပင်ကြ၊ ဝေဘန်ကြပါ ပရမတ်အစစ်၊ဓါတ်အနှစ်ကို ပညတ်တွေက ဖုံးအုပ်ထားလို့ပါ။ဘာနဲ့ပညတ်တွေကိုဖယ်၍ပြစ်ရမှာလဲ။X သတိနဲ့ သမာဓိ

နဲ့၊ ပညာနဲ့ဖယ်ရှားလျှင် ပရမတ်အစစ် ဓါတ်အနှစ်တွေကို တွေ့မည်။ ရှုရမည်။ မဂ်ရမည်။

စိတ်၌ပညာကပ်ပရမတ်ကိုတွေ့ပါ၏။×× စိတ်၌၊ ဝိညဉ် သိကပ်၊စိတ္တဝိပ္ပလ္လာသလေးပါးဖြစ်ရော။စိတ်၌သညာသိကပ် သညာဝိပ္ပလ္လာသ လေးပါးဖြစ်ရော။ စိတ်၌ဒိဋ္ဌိသိကပ် ဒိဋ္ဌိ ဝိပ္ပလ္လာသဖြစ်ရော။ စိတ်၌ဝိတက်သိကပ် အာရုံပြား သမာဓိ ပျက် စိတ်ပြန့်လွင့်၍။ ဥဒ္ဓစ္စ၊ ဖြစ်ရော။စိတ်၌ သုတမယဉာဏ် ကပ်။သညာသိပင်။သညာဝိပ္ပလ္လာသ ၄-ပါးဖြစ်ရော။ စိတ်၌ စိန္တာမယသိကပ် ဝိတက်ပင် အာရုံတွေပြားလာရော သမာ ဓိပျက်ရော စိတ်ပြန့်လွင့် ဥဒ္ဓစ္စဖြစ်ရော။ အစတခုထဲအမှန်ပါ ဘဲ၊နောက် ၆-မျိုးကား အလွဲပါ။ ၆-နက်ထဲ၌ဆွဲချနေတာ ပါဘဲဟု ရိပ်မိကြပါတော့။

ပစ္စုပ္ပန်ကြကြ ဌာန သဘာဝနဲ့တွေ့ရှုမှ ဝိပဿနာတဲ့။ [အတီတံနန္ဝာဂမေယျ၊ နာပဋိကင်္ခေအနာဂတံ၊ ပစ္စုပ္ပန္နဉ္စ ယောဓမ္မံ၊ ယတ္ထယတ္ထဝိပဿတိ။]ဥပရိပဏ္ဏာသ ပါဠိတော် ဘဒ္ဒေကရသုတ်တော်မှ မြန်မာပြန်မှာ အတိတ်က ဖြစ်ပြီးခဲ့ သောအာရုံတရားတွေကိုလဲမရှုနဲ့တဲ့၊အနာဂါတ်၌မပေါ်လာ ရသေးသောပရမတ်တရားများကိုလဲမရှုနဲ့တဲ့။(ဘာ့ကြောင့် တုန်း **အ**တိတ်အနာဂါတ်ဆိုတာ ပရမတ်ချုပ်ပြီးနဲ့ ပရမတ် မပေါ်ရသေးပါ။သဘာဝ ဆတ်ဆတ်မဟုတ်ပါ။ အနုမာန မှန်းဆ၍အသိမျိုးပါဘဲတဲ့။ ပစ္စုပ္ပန်ဆတ်ဆတ် ဓါတ်ပေါ် နေတုန်းမှာ ဌာနနဲ့ သဘာဝ စသည်နဲ့ ထင်ထင်-ရှားရှား

ပေါ်တာမို့ ရှုပါ။[ယခေတာ၊ ယတော သမ္မသတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ၊ လဘတိပီတိပါမောဇ္ဇံ အမတံ ဝိဇာနတံ။] ကေအင်ဂွတ္တိုရ်ဒ္ဒီကာကြီး နံပါတ်-၇၉၊ကြောင်းရေ-၂၃ ဆဋ္ဌမှုမှ။ ပေါ်ရာ-ပေါ်ရာ ၌ဒါနမှ သဘာဝရှိနေတုန်း ပစ္စုပ္ပန် အခိုက်၌ ခန္ဓာငါးပါးကို အဖြစ်နဲ့ အပျက်နဲ့ရှုနေပါ။ ပီတိ၊ ပါမောဇ္ဇကိုရလိမ့်မည်။ အမတနိဗ္ဗာန်ကိုလဲ သိမြင်တွေ့မြင် လိမ့်မည်တဲ့။ [သုညာဂါရံ ပဝိဋ္ဌဿ သန္တစိတ္တဿ ဘိက္ခုနော အမာနုသီရတိဟောတိ၊သမ္မာဓမ္မံဝိပဿတော။]ကေအင်ဂွတ္တိုရ် ဒ္ဒီကာကြီး နံပါတ်-၇၉၊ကြောင်းရေ-၂၃ ဆဋ္ဌမှုမှ။ကမ္မဋ္ဌာန်း ထဲဝင်ပြီး စိတ်ငြိမ်စွာနှင့်ရှုနေသောရဟန်းအား။ဝါ။ပစ္စုပ္ပန် အခိုက်၌ ပေါ်တိုင်း-ပေါ်တိုင်း သဘာဝကို ရှုနေသော ရဟန်းအား လူ့,နတ်,ဗြဟ္မာများပင် မရသေးဘူးသော မွေ့လျော်ခြင်းကို ရလိမ့်မည်တဲ့။ [အမေတံ အဘိညာယ တတော တတ္ထဝိပဿတိ၊ စေံဉာဏံ တထံတဿ၊ ဗြဟ္မာဏဿ ဝုသိမတော။] သုတ္တနိပါတ် ပါရာယန သုတ်တော်မှ။ [မကောင်းမှုကို မီးငြိမ်း၍နေသော သီတင်းသီလ ပြည့်စုံ သော ယောဂီအား။ထိုထိုပေါ်ရာ-ပေါ်ရာအရပ်မှ သဘာ ဝ ပစ္စုပ္ပန်ကြကြကို ရှု၍နေ၏။ ဤသို့ ပရမတ္ထ သဘာဝကို။ ဉာဏ်ဖြင့် သိမြင်၍နေ၏။ ဤကိုယ်တွေ့အသိဟာ ဉာဏ်သိပါ ဘဲ။ မှန်ကန်တဲ့သစ္စာပါဘဲ။ ၄-ဂါထာဖြင့် ပစ္စုပ္ပန်၌ ကိုယ် တွေ့ရှုရပုံကိုစုပြပါတယ်။ ။ဒါကို မကျေနပ်သော(ကေစိ ဆရာက) အနတ္တသုတ်မှရင်း။ ပဋိသမ္ဘိဒါမဂ် သမ္မသနဉာဏ်


မှုရင်း။ ပါဠိကိုယူ၍ စောဒနာသည်ကား။ (အရှင်ဘုရား) ဆုံးဖြတ်တာက ပါဠိ၄-ပုဒ်အရဖြင့် ပစ္စုပ္ပန်ဆတ်ဆတ် ယခု တွေ့နေတဲ့ ပရမတ်ကိုရှုနေပါမှ ဝိပဿနာဖြစ်တယ်တဲ့။

အနတ္တလက္ခဏ သုတ်တော်မှာ တဋ္ဌာန၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော်။ သမ္မသနဉာဏ် အရာမှာ တဋ္ဌာနတွေ့ရသည်မှာ [ယံကိဉ္စိရူပံ အတီတာနာဂတပစ္စုပ္ပန္နံ၊ အဇ္ဈတ္တံ ဝါ၊ ဗဟိဒ္ဓါ ဝါ၊ ဩဠာရိကံဝါ၊ သုခုမံဝါ၊ ဟီနံဝါ ပဏီတံဝါ၊ယံဒူရေဝါ သန္တိကေဝါ၊သဗ္ဗံ ရူပံ။]ဟူ၍ ရူပက္ခန္ဓာ၌ရင်း။ဝေဒနာက္ခန္ဓာ၌ရင်း။ သညာက္ခန္ဓာ၌ရင်း။ သင်္ခါရက္ခန္ဓာ၌ရင်း။ ဝိညာဏက္ခန္ဓာ၌ရင်း။ (၁၁)ပါးစီပြခဲ့ပါသည်။ အရှင်ဘုရားဆုံးဖြတ်ထားနှင့် တခြားစီမနေပါဘူးလားဘုရားဟု စောဒနာတက်တော့သည်။ဤအခါ၌ ဉာဏစာရီက (အသင်စောဒက ဆရာ) ဆရာပြောပြသော အတီတ အနာဂတ၊ စသော (၁၁)ပါးသော ခန္ဓာငါးပါး၊ ရုပ်နာမ်များဟာ သင်ဆရာ ပြောပြတဲ့အတိုင်း (သမ္မသန ဉာဏ်အရာ၌သာ) ဘုရားက ဟောထားတာဖြစ်၍ သမ္မသနဉာဏ်အရာ၌။ဤလို(၁၁)မျိုး နှင့် သုံးသတ်ရှုပွါးရမည်။ အမှန်ဖြစ်ပါ၏။ ငါဉာဏစာရီက ပြောပြသော (ပစ္စုပ္ပန်ရုပ်နာမ်ကား သင်ပြောတဲ့ သမ္မသန ဉာဏ်အရာ၌ မဟုတ်ပါ။ ပထမ အာဒိကမ္မိက အားထုတ်စ အရှိန်မရသေးသော ယောဂီ၏။ နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟ အခြေတည် ဉာဏ် ၂-ပါး၌သာ ငါကဆိုပါ သည်။ တနည်း ငါပြသော ဝိနိစ္ဆယနှင့် လေးဂါထာအရ

ကားပထမဉာဏ်နဲ့ ဒုတိယဉာဏ်အတွက် ဆုံးဖြတ်ထားပါ။X
သင်ပြသော (၁၁)ဌာနရုပ်နာမ်ကား တတိယဉာဏ်၏အရာ
ဌ်ပါ။တခြားစီဖြစ်၍နေပါတယ်ဟု ခွဲခြား၍လက်နဲ့ထောက်
ပြမှ ဪ....ဟုတ်ပါပေတယ်၊ မှန်ပါပေတယ်ဟု ဝန်ခံ၍
သွားသည်။(ဒိဋ္ဌိတခုထဲ ဖိသတ်ဆိုတာ သောတာပန်ဖြစ်မည့်
ယောဂီကိုဆိုပါတယ်။ (၁၂၀၀)ကိလေသာကို သတ်ဆိုတာ
ကား အထက် ၃-မဂ်ရဘို့ကျင့်နေသော သူကိုဆိုပါတယ်ဟု
ခွဲခြား၍ သိရသကဲ့သို့ ဖြစ်ပါသည်။

သတိ၊ သမာဓိ၊ ပညာနဲ့ရှာ တရားတွေ့မည်။
ဝိညာဉ် သညာ ၊ ရှာ မိမ္မ-ယောကျ်ားဘဲ တွေ့မည်။


| သတိ၊ သမာဓိ၊ ပညာ လိုက်ရှာ အမှန်ရ |
| သတိ၊ သမာဓိ၊ ပညာ မရှာ လူမိမ္မ။ |


ဂင်းနှင့်မရှာမှီ ဒီပုံမှားမြင်သည်။
ဂင်းနှင့်ရှာတော့ (သေိ၊ ပူသိ၊ ) ဒီပုံမှန်မြင်။


(၃၁)ဘုံရှိ လူ နတ် ဗြဟ္မာ သတ္တဝါတွေဟာ သတိ၊ သမာဓိ၊ပညာနှင့်မရှာကြသေးသဖြင့် လူဘဲ၊ နတ်ဘဲ၊ ဗြဟ္မာဘဲဟု သက္ကာယဒိဋ္ဌိအစွဲကြီးနှင့် နေနေလာကြရသည်။

[အရိယာဖြစ်မည့် အလောင်းတို့သည်။ သတိ၊ သမာဓိ ပညာနှင့်လိုက်လိုက်ပြီးရှာဖွေကြသဖြင့် (သေိရုပ်နာမ်အမှန်ရ၊ ပူသိရုပ်နာမ်အမှန်ရ၍။ နာမရူပပရိစ္ဆေဒဉာဏ်ကို ဦးစွာရကြသည်။ ဤရုပ်နာမ်ကစပြီး ဉာဏ်စဉ်တက်ကြသည်။ လက္ခ

ထာစဉ်တက်ကြသည်။ ဝိသုဒ္ဓိ ၇-ပါး အစဉ်တက်ကြသည်။ ဗောဓိပက္ခိယ အစဉ်တက်သွားကြသည်။ ဗိတ်ဆုံး၌နိဗ္ဗာန်ရကြသည်။



သက်ရှိမှာ ဒီပုံအတွ ပညတ် နာမပညတ်ပေါ်၍ ရုပ်နာမ် ပရမတ် ငုတ်နေပါသည်။



သက်မဲ့မှာ ဒီပုံအတိုင်း အတွပညတ်၊ နာမပညတ်ပေါ်၍ ရုပ်တရား ငုတ်နေပါသည်။

ဝိပဿနာ အားထုတ်ရာ၌ သတိ၊ သမာဓိ၊ ပညာနဲ့ အားမထုတ်သမျှတော့ ဒီပုံအထင်မှား၊ အမြင်မှား၊ အယူမှား၊ အကြံမှား၊ အလုပ်မှား၊ အရမှား၍ ဒုက္ခရောက်နေတော့မည်။ [ငင်းတို့အားထုတ်တဲ့ ဝိပဿနာကား ဝိညာဉ်သိ စိတ္တဝိပ္ပလ္လာသ ၄-ပါးနဲ့၊သညာသိ သညာဝိပ္ပလ္လာသ ၄-ပါးနဲ့။ဒိဋ္ဌိသိဒိဋ္ဌိဝိပ္ပလ္လာသ ၄-ပါးနဲ့၊ဝိတက်သိ တွေး၊ တော၊ ကြံစီ၊စိတ်ကူး၊ဝေဘန်ဆင်ခြင်မှု၊ ဝိတက်တွေနဲ့၊ ဝါ သမာဓိပျက်နဲ့ ပြန့်လွင့်ခြင်းဥဒ္ဓစ္စနှင့်၊သုတမယဉာဏ်၊သညာသိနှင့် စိန္တာမယဉာဏ်၊အကြံအစီနှင့်အားထုတ်ကြလို့ မရကြတာပါ။]

### မျောက်နှင့်အုံးသီးပမာ

မျောက်တကောင်ဟာ အုံးသီးတခုကိုရသည်။ ရပေမဲ့ အခွံကိုလဲမခွါတတ်ပါ၊အုံးမှုတ်ကိုလဲမခွဲတတ်ပါ၊သို့ကြောင့် အသားကိုလဲမစားရပါ။အရည်ကိုလဲမသောက်ရပါ။ လူမှာတော့ အုံးသီးကိုရလျှင် အခွံလဲခွါတတ်သည်။ အုံးမှုတ်လဲ

ခွဲတတ်သည်။ အုံးသားလဲ စားရသည်။ အုံးရည်လဲသောက်ရသည်။ ပုထုဇဉ်ကား အတ္တပညတ်အခွံကိုလဲမခွါတတ်ကြပါ။ သဒ္ဒပညတ်အုံးမှုတ်ကိုလဲမခွဲတတ်ကြပါ။သို့ကြောင့် အုံးသားရုပ်လဲမရှုရပါ။ အုံးရည်နာမ်ကိုလဲ မသုံးရပါ။ ။အရိယာကား အတ္တပညတ်အခွံကိုလဲ ခွါတတ်သည်။ သဒ္ဒပညတ်အုံးမှုတ်လဲခွဲတတ်သည်။အုံးသားရုပ်ကိုလဲရှုရသည်။အုန်းရည်နာမ်ကိုလဲ သုံးရသည်။အုန်းသီးကား ခန္ဓာကိုယ်ကြီးပါဘဲ။ အခွံကား အတ္တပညတ်ပါဘဲ။အုန်းမှုတ်ကား သဒ္ဒပညတ်ပါဘဲ။ အုန်းသားကား ရုပ်ပရမတ်ပါဘဲ။အုန်းရည်ကား နာမ်ပရမတ်ပါဘဲ။ ဒီပုံသိကြပါလေ။

## အုံးသီးကိုရပေမဲ့ အသားနှင့်အရည်ရုပ်နာမ်ကို မရကြသောသူများ

(က) လူထဲကအရိုင်းတွေ၊သူတောင်းစားတွေ၊ ဆင်းရဲသားတွေ၊ကုန်သည်တွေ၊သူကြွယ်တွေ၊ သူဌေးတွေ၊ ပဒေသရာဇ်တွေ၊ ဧကရာဇ်တွေ၊ စကြာမင်းတွေ၊ မန္ဓာတ်မင်းတွေ၊ လူဆယ်မျိုးတို့တည်း။ ပုထုဇဉ်မျောက်မျိုးတွေမို့ အသားအရည်ကိုမသုံးကြရပါပေ။

(ခ) နတ်ထဲက စာတုမဟာရာဇ်နတ်တွေ၊ တာဝတိံသာနတ်တွေ၊ ယာမာနတ်တွေ၊ တုသိတာနတ်တွေ၊နိမ္မာနရတိနတ်တွေ၊ ပရနိမ္မိတဝသဝတ္တိနတ်ဆိုတဲ့ မျောက်ပုထုဇဉ်နတ်တွေဟာလဲ ပညတ် ၂-မျိုးကို မခွါတတ်၍ ပရမတ် ရုပ်နာမ်ကိုမသုံးကြရပါပေ။

(ဂ) ဖြုဟ္မာထဲကလဲ (သုဒ္ဓါဝါသဗြဟ္မာ ၅-မျိုးကိုချန်လှန်၍) ဗြဟ္မာပါရိသဇ္ဇာတွေ၊ ဗြဟ္မာပုရောဟိတာတွေ၊ မဟာဗြဟ္မာတွေ၊ ပရိတ္တာဘာတွေ၊ အပ္ပမာဏာဘာတွေ၊ အာဘဿရာတွေ၊ ပရိတ္တာသုဘာတွေ၊ အပ္ပမာဏာသုဘာတွေ၊ သုဘကိဏှာတွေ၊ ဝေဟပ္ဖိုလ်တွေ၊ အသညသတ်တွေ၊ အာကာသာနဉ္စာယတနတွေ၊ ဝိညာနဉ္စာယတနတွေ၊ အာကိဉ္စညာယတနတွေ၊ နေဝသညာနာသညာယတနတွေ။ (၁၅)စုကို။ဗြဟ္မာပုထုဇဉ် မျောက်တွေဟာလဲ အတ္တပညတ် အခွံတွေ၊ သဒ္ဒပသဘ်အုန်းမှုတ်တွေကို မခွါကတ်ကြဘဲ။ ရုပ်အုန်းသားတွေကိုလဲမစားကြရပါ။ နာမ်အုန်းရည်ကိုလဲ မသောက်ကြရပါ။ မျောက်နှင့် အလားတူနေကြကုန်၏။

(ဃ) ယောဂီထဲက လဲ သမထ-၄၀၊ ဝိဇ္ဇာ၊ အဘိညာဉ်သမာပတ်၊ ဈာန်ကိုးဈာန်၊ မြေလျှိုး မိုးပျံ၊ တန်ခိုးဈာန်ဗြဟ္မာဖြစ်၊ ရှေးကမ္ဘာ-၄၀ မြင်၊ နောက်ကမ္ဘာ ၄၀-မြင်၊ ကမ္ဘာပေါင်း(၈၄၀၀၀)နေရ၊ဒီအထိအမြင့်တန်းကိုရကြပေမဲ့။(ရုပ်နာမ်) အုန်းသား အုန်းကိုမသုံး မစားကြရပါကုန်။

(င) ပရိယတ်နယ်က ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တွေဟာဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ၊ပိဋကတ်၊နိကာယ်၊အင်္ဂါကိုးတန်ဓမ္မက္ခန္ဓာ (၈၄,၀၀၀)ကို ထုံးလိုချေ၊ ရေလိုနှောက် သိပ်ပြီးတတ်မြောက်ကြပေမဲ့ ရုပ်နာမ်အုန်းသား အုန်းရည်ကို ယခုအထိမစားရ၊ မသုံးရကြပါကုန် နစ်နာလှကြ၏။

(က) ခန္ဓာမှာရှိ၍နေသောစိတ်သည်။အထိး,အမဟုတ်၍ မရှိပါ။ အာရုံပေါ်လာသမျှကို သိသိနေရ၏။ အကြောင်းလေးပါးစုံညီမှပေါ်လာသည်။ဝတ္ထုရုပ်၆-ပါး၌အသီး-အသီးမှီ၍နေကြသည်။

(ခ) ခန္ဓာမှာ ရှိ၍နေသော စေတသိက်သည် အထိးအမဟုတ်၍ မရှိပါ။ အာရုံပေါ်တိုင်း သိ သိ နေ တတ်သည်။ အကြောင်းလေးပါးစုံညီမှ ပေါ်လာသည်။ စိတ်ကို မှီခို၍နေသည်။

(ဂ) ခန္ဓာကိုယ်၌ရှိသော(ရုပ်သဘောသည်၊အမြဲတမ်းဖေါက်ပြန်၍ နေသည်။ အပူအအေး ဆုံတွေ့မှပေါ်သည်။ အထိး-အမဟုတ်၍မရှိပါ။ သဘောမျှသာ ရှိသည်။ ယခုပြတဲ့စိတ်စေတသိက်,ရုပ်တရား,သင်္ခတ,သဘောတရားကို သတိ,သမာဓိ,ပညာနှင့်ရှာမှ တွေ့သည်။ ဝိညာဉ်သိ၊ သညာသိ၊ဒိဋ္ဌိသိ၊ဝိတက်သိ,သုတမယဉာဏ်သိ၊ စိန္တာမယဉာဏ်သိနှင့်ရှာဖွေလျှင်။ အထယ်၊ ဒြပ်၊ ပုံစံ၊ သဏ္ဌာန်ဆိုတဲ့ အတ္ထပညတ်တွေ၊ အမည်နာမဆိုတဲ့ သဒ္ဒပညတ်တွေကိုသာတွေ့၍ ငိုပွဲလာသဖေါက်ပြန်၍နေမည်။ (အထူးသတိထားကြပါလေ။)

(နိဗ္ဗာနသဘောသင်္ခိကေ။) နိဗ္ဗာန်ဟာ အနီးကပ်၍ နေသည်။ ။စတုကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်။ ရောဟိတသုတ်တော် (နံပါတ်-၂၉၅၊ ကြောင်းရေ-၂၂)ဟာမူမှရင်း။ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်ရောဟိတသုတ်တော်၌ နံပါတ် ၃၇၊ ကြောင်းရေ-၉ ဟာမူမှရင်း။ မဂ္ဂသစ္စာဆိုတဲ့ မဂ္ဂတရား

ကြည်ညိုတိုက်
ကမ္ဘာအေး၊ ရန်ကုန်

ရော၊နိရောဓသစ္စာဆိုတဲ့ နိဗ္ဗာန်တရားရော၊ အဘိုးတန်သစ္စာ ကြီးတွေဟာ ခန္ဓာကိုယ်ထဲ၌ ရှိနေတယ်ဟု ဘုရားရှင်ကြီး ကိုယ်တိုင် ဟောပြထားသဖြင့် ယုံကြည် ထိုက်ပါပေသည်။ ကျွတ်တဲ့ပုဂ္ဂိုလ်တိုင်းလဲ ခန္ဓာထဲကတရားကိုရှုလို့ ကျွတ်လွတ် ထွက်မြောက်ကြရသည်။(ရှိတာကခန္ဓာထဲမှာ)ရှာဂ ငံ ာက စာထဲမှာ (ယုန်တောင်ပြေး၊ ခွေးမြောက်လိုက်) ပုံစံလို လွဲ ချော်၍ မဂ်မရကြတာပါ။

(သတ္တဝဿေဟိ ဝေမိတံ။) ၇–နှစ်အရွယ်ငယ်ပေမဲ့ မဂ် ဖိုလ်ရကြတယ်။ဝိသာခါနှင့်အခြံအရံငါးရာတစု။ကောသလ ဘုရင့်၏သမီး သုမနနှင့်အခြံအရံငါးရာကတစု။ဗိမ္ဗိသာရမင်း ၏သမီးစုန္ဒရီနှင့်အခြံအရံငါးရာကတစု။ပေါင်းတော့(၁၃၀၅) ဦးနှင့် တကွသော ၇–နှစ်သားအရွယ် ရှင်သူငယ် (၃၅)ပါး ရဟန္တာများ၊၇–နှစ်အရွယ် ရှင်မငယ်၊ရဟန္တာမကလေးတွေ က(၆၇)ပါး။အားလုံးတို့ကိုကြည့်လျှင် ၇–နှစ်အရွယ်စကား လဲမကြွယ်၊စာလဲမတတ်ကြပေမဲ့ မဂ်,ဖိုလ်,နိဗ္ဗာန်ကို တွေ့ ရကြပါပေတယ်။ အားရစရာပါဘဲ။

## မဟာဝိဇယ သင်္ခါမစစ်ပွဲကြီး

(ကေတိသ ကဆုံမာသ ကာဋ္ဌပက္ခ၊ သတ္တဒိဝသ၊ ပါတူ ကုံးဂါမ၊ လိခိတ။) ။၃၁–ဘုံက လူ, နတ်, ဗြဟ္မာတွေဟာ စစ်တလင်း၌ စစ်ခင်း၍နေကြရသည်။ဘယ်သူမှ စစ်မတိုက်ရ သောသူမရှိပါ။အားလုံးစစ်တိုက်၍နေကြရသည်။(၁)အနိစ္စ

ကို သင်္ခါရနှင့် ၂၄-နာရီတိုက်နေကြရသည်။ ဥပမာ၊ထမင်းဆာလျှင် ထမင်းထဲ့တိုက်အောင်ပွဲရ။X ရေငတ်လျှင်ရေထဲ့ပေး အောင်ပွဲရ။X ရောဂါရလျှင် ဆေးစားပေးအောင်ပွဲရ။ (ကံ စိတ် ဥတုအာဟာရနှင့်)ပြုပြင်၍ပေးရသမျှ စစ်တိုက်နေကြတာပါ။ ။[မဟာဝိဇယ၊ သင်္ခါမစစ်ပွဲကြီး တိုက်ခိုက်အောင်ပွဲရ ပွဲကြီးကား။]သံသာရာအစက ယခုအထိ ငါတို့ကိုနှိပ်စက်နေတဲ့(၁၅၀၀)ကိလေသာတို့ကို။ ဝိပဿနာ ပရမတ်တရားနှင့်သာတိုက်ခိုက်ပါမူ။တိုက်တိုင်းပင်အောင်ပွဲရသည်။ တစက္ကန့်တိုက်လျှင် ကုဋေတသိန်းလောက် အနိုင်ရကြသည်။ တရက်မျှတိုက်လျှင် ပကောဋ္ဌိပေါင်း(ဂ၆၄)မျှအနိုင်ရသည်။ (သမ္မပဓါန်နည်းနဲ့ဆိုလျှင်တစက္ကန့်မှာအကုသိုလ်အဟောင်းကုဋေတသိန်းသေရတယ်။ အကုသိုလ်ကုဋေတသိန်းမဝင်ရဘဲပျက်စီးရတယ်။ ကုသိုလ်ပါရမီအဟောင်း ကုဋေတသိန်းဝင်ရောက်အားပေးသည်။ ကုသိုလ်ပါရမီအသစ် ကုဋေတသိန်းဝင်ရောက်အားပေးသည်။ ကုဋေတသိန်းပေါင်း လေးပြန်အနိုင်ရကြသည်။

[ကာလိင်္ဂမင်းကို အဿကမင်းအနိုင်ရ လေးမျိုးလဲရပုံ] နမူနာဝတ္ထု အကျဉ်းချုပ်ပြရလျှင် စစ်တိုက်ချင်လွန်း အားကြီးလှသော ကာလိင်္ဂမင်းဟာ သူ၏သမီးတော် လေးပါးကို ရထား ၄-စီးနှင့်တကုဋေစီတန်သော တန်းဆာများကို ဆင်မြန်းစေ၍ အခြွေအရံများစွာနှင့် အဿကမင်း၏ နိုင်ငံထဲသို့ သွားစေသည်။ကြွေ်ညာသည်ကားငါ၏သမီးတော်လေးပါး

ကို မိဖုရားပြုလိုကပြုနိုင်၏။ ငါ၏သမီးတော်လေးပါးကိုမိဖုရား ပြုလျှင် ငါနှင့် စစ်တိုက်ရမည်ဟူ၏။ အဲဒါလို ကြော်ညာ လေသည်။

အဿကမင်းဟာ နတ်သမီးပမာ လှပစွာသော မင်းသမီး များကို လိုချင်လှပေ၏။ စစ်တိုက်ရမှာကိုလဲ ကြောက်လှ၏။ [ယခုလူတွေလဲမဂ်လေးပါး၊ဖိုလ်လေးပါး၊ သစ္စာလေးပါး ကိုအားကြီးလိုချင်လှ၏။ တာပေမဲ့ ဝိပဿနာ အားထုတ်ရ မှာကိုတော့ အလွန်ကြောက်ကြသည်။] အဿကမင်းသည်။ မှူး၊ မတ်၊ ဗိုလ်တွေနှင့် တိုင်ပင်တော့ မှူး၊ မတ်၊ ဗိုလ်တွေက ကာလိင်္ဂမင်း၏ဥစ္စာကိုရမှာက လေးမျိုး၊ လေးသီထဲပါတဲ့။ ကျွန်ုပ်တို့ဘက်က သေကြေ ပျက်စီးရမှာက လေးသောင်း မကပါဘူးဟု ကန့်ကွက်ကြတယ်။ အဿကမင်းဟာ ဘုရား အလောင်းနှင့် တိုင်ပင်ပြန်တယ်။ ဘုရားအလောင်းက (၁) သူ၏သမီးတော် လေးပါးတို့လဲ မိမိနိုင်ငံထဲသို့ ရောက်နေကြ ပါပြီ။ (၂)ရထားလေးစုလဲရောက်နေကြပါပြီ။ (၃)တန်း ဆာလေးကုဋေတန်တွေလဲ ရောက်၍နေကြပါပြီ။ (၄)ဒါ့ခြံ အရံလေးစုလဲ ရောက်၍နေကြပါပြီ။ အဲဒါဟာ အောင်ပွဲရ မည့်နိမိတ်ပါဘဲဟုအားပေးသည်။ အဿကမင်းဟာ မင်းသမီး လေးပါးစသော ၄-စုကိုသိမ်းယူ၍ ကာလိင်္ဂမင်းနှင့် စစ် ခင်းကြသည်။ ကာလိင်္ဂမင်းကား (၁၅၀၀) ကိလေသာနှင့် တူ ပါတယ်။ အဿကမင်းဟာ ဝိပဿနာနှင့်တူပါတယ်။ မင်းသမီး လေးပါးကား မဂ်လေးပါးနှင့်တူပါတယ်။ ရထား ၄-စုကား

ဖိုလ်လေးပါးနှင့်တူပါတယ်။ ၄-ကုဋေတန်သော တန်းဆာတို့ကား နိဗ္ဗာန်နှင့်တူပါတယ်။ အချွေအရံ လေးစုတို့ကား သစ္စာလေးပါးနှင့် တူပါတယ်။ စစ်ပွဲခင်းကျင်း၍ တိုက်ကြခိုက်ကြတော့ ကာလိင်္ဂမင်း၏ဖြူဖွေးသော ကိုယ်စောင့်နတ်ကို။အဿကမင်း၏ ဘက်တော်သားတွေကဝိုင်းဝန်းပြီး ခုတ်ကြ၊ထိုးကြတော့ ကိုယ်စောင့်နတ်ကြီးပြေးတာနှင့် ကာလိင်္ဂမင်း၏စစ်သားတွေလဲ ဖရိုဖရဲပြိုကွဲပျက်စီး၍ ပြေးကြတော့သည်။ကာလိင်္ဂမင်းတောင်မှ ပြေးနိုင်၍ အသက်ဘေးမှ သီသီကလေးနှင့် လွတ်မြောက် သွားသည်။ [ဝိပဿနာ ဆိုတဲ့အဿကမင်းကား အနိုင်ရ၍အောင်ပွဲရ၍ ကာလိင်္ဂမင်း၏ပစ္စည်းဖြစ်သော လေးဒုလဲ အရှုံးခံလိုက်ရသည်။ မိမိတိုင်းပြည်သို့ အမြန်ထွက်ပြေးလာခဲ့ရသည်။ (ဝိပဿနာဆိုတာဒီနည်းပါဘဲ။တိုက်တိုင်းအနိုင်ရမြဲတည်း။) ယောဂီတွေဟာတသံသရာလုံး ကိလေသာ(၁၅၀၀)ကိုအရှုံးပေး၍ လာခဲ့ရတာမှာ ဝိပဿနာနဲ့မတိုက်ရသေးလို့ပါ။[ဘုရားတဆူ တခုမှာ ၂၄-သင်္ချျ၊ ကုဋေ-၆၀၊ ဗိုလ်ခြေတသိန်းတို့ ပုထုဇဉ်ဘဝမှ အရိယာတိုင်းပြည်၊ မဂ်တိုင်းပြည်၊ ဖိုလ်တိုင်းပြည်၊နိဗ္ဗာန်တိုင်းပြည်ကို ရကြတာ။ ဝိပဿနာနဲ့ တိုက်လို့ပါဘဲ။[သံသရာပြတ်ပုံ(၁၁)ဌာန]ကိုကြည့်ကြပါ။ တခုစီ၊ တခုစီနှင့်အောင်ပွဲကြီးကို ရရသွားကြပါတယ်။

အဝိဇ္ဇာမုဒ္ဒါတိ ဇာနာဟိ
ဝိဇ္ဇာမုဒ္ဒါဓိ ပါတိနီ
သဒ္ဓါ သတိ သမာဓီဟိ
ဆန္ဒဝီရိယေန သံယုတာ

(သုတ္တနိပါတ်ပါဠိတော်ပါရာယနသုတ်တော်မှ ဂါထာ။) အဝိဇ္ဇာ၊မောဟဆိုတဲ့။အဝိဇ္ဇာကို မုဒ္ဒါတိ၊ ၁၅၀၀-ကိလေသာတို့၏ ဥက္ခောင်းဟူ၍။ ဇာနာဟိ၊ သိကြပါလော့။ သဒ္ဓါ၊ သတိ၊ သမာဓီဟိစ၊သဒ္ဓါ၊သတိ၊ သမာဓိတရားတို့နှင့်ငင်း။ဆန္ဒဝီရိယေနစ။ဆန္ဒ ဝီရိယတရားနှင့်ငင်း။ သံယုတာ၊ တွဲဖက်၍ စစ်တိုက်နေသော။ ဝိဇ္ဇာ၊ ဝိပဿနာဝိဇ္ဇာနှင့်၊ မဂ်ဝိဇ္ဇာလေးပါးကို။ မုဒ္ဒါဓိပါတိနီ၊ အဝိဇ္ဇာဆိုတဲ့ ဥက္ခောင်းကို ထောင်းတောင်း ဖြတ်သော ဒါး လက်နက်ကြီးဟူ၍။ ဇာနာဟိ၊ သိ၍ ထားပါလော့။ ဓါတ်၌ပါသော အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဝိဇ္ဇာတို့နှင့် တိုက်လျှင်အဝိဇ္ဇာသေ၍(၁၅၀၀)မသာဖြစ်မည် တည်း။

## သက္ကာယဒိဋ္ဌိတွေ ဒီပုံကွာသည်ဟု ရှင်းပြပုံများ

(က) [အနိစ္စတော၊ မနသိကရောတော၊ ခယတော သင်္ခါရာ ဥပဋ္ဌဟန္တိ။] ပဋိသမ္ဘိဒါမဂ် ပါဠိတော်မှ။ အနိစ္စအားဖြင့် နှလုံးသွင်းသော ယောဂီအား ကုန်ခြင်း၊ချုပ်ခြင်း ငြိမ်းခြင်းစသောအားဖြင့် သင်္ခါရရုပ်နာမ်တို့သည်။ ထင်မြင်လာကုန်၏။(အဲဒါသက္ကာယဒိဋ္ဌိ ကွာနေပုံတည်း။)

(ခ) ဒုက္ခတော၊ မနသိကရောတော၊ဘယတော သင်္ခါရာ ဥပဋ္ဌဟန္တိ။ ငင်းပြင်ဒုက္ခအား နှလုံးသွင်းသော ယောဂီ

အား ဘေးဖြင့် ရုပ်နာမ်တို့သည်။ ထင်မြင်၍ လာကုန်၏။ (သက္ကာယဒိဋ္ဌိကွာနေပုံတည်း။)

(ဂ) အနတ္တတော၊ မနသိကရောတော၊ သုညတော သင်္ခါရာ ဥပဋ္ဌဟန္တိ။) ရင်းပင် အနတ္တအားဖြင့် နှလုံးသွင်းသော ယောဂီအား အရိပ်နိမိတ်အမှားပါ ကင်းဆိတ်သော အားဖြင့်။ သင်္ခါရရုပ်နာမ်တို့သည်။ ထင်မြင်လာကုန်၏၊ ဒိဋ္ဌိကွာ၏။

(ဃ) သတ္တသညံဥဂ္ဃါဋ္ဋေတေန၊ စိတ္တေန သင်္ခါရေ ပဋ္ဌိဂ္ဂဏှ တောဒိဋ္ဌိနုပဇ္ဇတိ၊ ဒိဋ္ဌိယာ၊ အနုပ္ပဇ္ဇမာနာယ၊ ဒိဋ္ဌိဥဂ္ဃဋ္ဋနံနာမ ဟောတိ။) ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဒုတိယ နံပါတ်-၂၃၄၊ ကြောင်းရေ-၂၂သုမ္မှ။ ၊သတ္တဝါဘဲဟူသောသညာမှား ကိုခွါစွန့်လွှတ်လိုသော်။ဝိပဿနာစိတ်ဖြင့် ရုပ်နာမ်သင်္ခါရကို ကေရုပ်ဘဲ။သိကနာမ်ဘဲဟုသိမ်းဆည်းနေသောယောဂီအား သက္ကာယဒိဋ္ဌိသည်။ မဖြစ်တော့ပြီ။ သက္ကာယဒိဋ္ဌိသည်၊ မဖြစ်လာသည်ရှိသော်။ ဒိဋ္ဌိကိုခွါသည်။ ပယ်သည် မည်တော့၏။ ဒိဋ္ဌိခွါပုံဘဲ။[ ရွရွ၊မွမွ ခေါက်ပေါ်လျှင် သက္ကာယဒိဋ္ဌိကွာသွားတော့၏။(အဲဒါလူပြိန်းသိဘို့ အတိုရေးသည်။)

(င) အဝသ၊ဝတ္တနတ္ထေနအနတ္တာ ဟုတ္တာအဘာဝတ္ထေ နအနိစ္စာ၊ ဥပ္ပါဒ ဝယ ပဋိပီဠနတ္ထေန၊ ဒုက္ခာတိ၊ ပဿတော ဒိဋ္ဌိဥဂ္ဃါဋ္ဋနံနာမဟောတိ။) ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဒုတိယ။ နံပါတ်-၂၃၅၊ ကြောင်းရေ-၉ သုမ္မှ။ ။ခေါက်တရားတွေ ဟာ။ အလိုသို့ မလိုက်သောကြောင့်။ အနတ္တဘဲဟူ၍ရင်း။

ဖြစ်ပေါ်လာပြီး ချုပ်ရခြင်းဖြင့် မမြဲသောကြောင့် အနိစ္စပါတဲ့။ ဓါတ်တွေဟာ ဖြစ်ပျက်-ဖြစ်ပျက်နှင့် အမြဲနှိပ်စက်၍နေသောကြောင့် ဒုက္ခတဲ့ဟူ၍ရင်း။ ရှု၍နေသော ယောဂီအား ဒိဋ္ဌိကို ခွါစွန့်ပယ်နုတ်သည်မည်၏။

(စ) သင်္ခါရေစ အနတ္တတော ပဿတော၊ အတ္တာတိ ဝိပလ္လာသံ ပဇဟာတိ၊ ဒိဋ္ဌောဃံ ဥတ္တရတိ။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဒုတိယ နံပါတ်-၃၉၉၊ ကြောင်းရေ-၁၁ သုမူမှ။ ။ရုပ်နာမ်သင်္ခါတို့ကို။ အနတ္တအားဖြင့် ရှုပွါးသော ယောဂီအား အတ္တာတဲ့ဟူသော ဝိပလ္လာသကို ပယ်သည်။ ဒိဋ္ဌိသြဃ မှကူးမြောက်တော့၏။

(ဆ) ဒိဋ္ဌိသံကိလေသော ဝိပဿနာယ ဝိသုဇ္ဈတိသာ ဝိပဿနာပညာက္ခန္ဓော။ နေတ္တိပါဠိတော် ပေဋကောပဒေသပါဠိတော်မှ။ ဝိပဿနာပွါးလျှင် ဒိဋ္ဌိသံကိလေသာ ကို ပယ်သတ်နေသည်။ ဒိဋ္ဌိစင်ကြယ်၍နေသည်။ ပညာစုတည်း။

(ဇ) ဒိဋ္ဌိဝိသုဒ္ဓိ'တိ၊နာမရူပါနံ၊ ယထာသဘာဝဒဿနံ သတ္တဒိဋ္ဌိမလဝိသောဓနတော၊ ဒိဋ္ဌိဝိသုဒ္ဓိ။ ] ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာမှ အနက်ကား။ ဒိဋ္ဌိဝိသုဒ္ဓိ'တိ၊ ဒိဋ္ဌိမှ စင်ကြယ်သည်ဆိုသည်ကား။နာမရူပါနံ၊နာမ်ရုပ်တို့၏။ယထာသဘာဝဒဿနံ၊ဟုတ်တိုင်းမှန်စွာ။ သူ၏ပင်ကို သဘာဝကို တွေ့မြင်ခြင်းသည်။ ဟောတ်၊ ဖြစ်၏။ ကသ္မာ၊အဘယ့်ကြောင့်နည်းဟူမူကား။ သတ္တဒိဋ္ဌိမလဝိသောဓနတော၊ သတ္တဝါရှိ၏ဟူ

ဝေသော အပယ္ယူမှားအညစ်အကြေးကိုသုတ်သင်နိုင်သောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိ၊ သက္ကာယဒိဋ္ဌိမှစင်ကြယ်သည်မည်၏။ ဒိဋ္ဌိကွာသည် မည်၏။

(ဈ) [အထဝါ ဒိဋ္ဌိယောနာမ၊ ဝိပဿနာယ ဝေပဟီ နာ။] ခန္ဓဝဂ္ဂသံယုတ်အဋ္ဌကထာမှ။ တနည်းကား၊ ဒိဋ္ဌိရှိသမျှ တို့ကို။ ဝိပဿနာဖြင့်သာလျှင်၊ ပယ်ခွါရသည်။

(ည) [နာမရူပပရိစ္ဆေဒေန သက္ကာယဒိဋ္ဌိယာ။] နိကာယအဋ္ဌကထာနှင့် ၇-ကျမ်းမှ။ သိကနာမ်ဘဲ၊ ကောရုပ်ဘဲဟု မရောစေဘဲ ပိုင်းခြားနိုင်သဖြင့်။ သက္ကာယဒိဋ္ဌိကို ပယ်သတ် တော့၏။

(ဋ) [ဓမ္မဝဝတ္ထာနေန၊ သက္ကာယဒိဋ္ဌိယာ။] ဥဒါန်း အဋ္ဌကထာမှ။ ကောရုပ်ဘဲ၊ သိကနာမ်ဘဲဟူ၍ ပရမတ္ထဓမ္မကို ပိုင်းခြားနိုင်လျှင် သက္ကာယဒိဋ္ဌိ စင်ကြယ်သွားတော့၏။

(ဌ) [ယာထာဝဒဿနံ ဒိဋ္ဌိဝိသုဒ္ဓိနာမ၊ စိတ်ကို စိတ် သဘောအတိုင်း၊ စေတသိက်ကိုလဲ စေတသိက် သဘောအ တိုင်း၊ ရုပ်ကိုလဲရုပ်အတိုင်း တွေ့ရ၊ ရှုရ၊ သိရလျှင် သက္ကာယဒိဋ္ဌိ ကွာနေပါပြီ။

(ဍ) [သဘာဝဒဿနေန ပရိသုဒ္ဓံ။] မူပံကထာမှ။ စိတ် စေတသိက်၊ ရုပ်တို့၏ သဘာဝကိုတွေ့မြင်လျှင် ဒိဋ္ဌိမှစင်ကြယ် ပါပြီ။

(ဎ) [ပစ္စယဒဿနေန၊ ပရိယောဒါတံ။] မူပံကထာမှ

အကြောင်း-အကျိုး စပ်နေပုံကို တွေ့ရ၊ မြင်ရ၊ သိရသဖြင့် ယုံမှားခြင်းကင်းပါပြီ။ ပြိုးပြိုး-ပျက်ပျက် အသိဉာဏ် ထွက်ပါပြီ။

(ဏ) (သဘာဝဒဿနနေန ဝိရဇံ။) စိတ်, စေတသိက်, ရုပ်တို့၏သဘာဝကိုမြင်သဖြင့်။ ဒိဋ္ဌိမြူတွေဟာ ကင်းရှင်း၍နေပါပြီ။

(တ) ပစ္စယဒဿနနေန ဝိတမလံ၊အကြောင်း-အကျိုးဝါ။ ပဋိစ္စသမုပ္ပါဒ်ကိုတွေ့ရ၊ မြင်ရ၊ သိရသဖြင့် ဝိတမလဒိဋ္ဌိအညစ်အကြေးနှင့် ဝိစိကိစ္ဆာအညစ်အကြေးတွေမှကင်းနေပါပြီ။

(ထ) ဒိဋ္ဌေကတ္တာဝိစိကိစ္ဆာ၊ ယထာဒိဋ္ဌိ သမုစ္ဆိဇ္ဇမာနာ၊ဝိစိကိစ္ဆာယသဟ သမုစ္ဆိဇ္ဇတိ။) ဝိသုဒ္ဓိမဂ်မဟာဋီကာမှ။ ဒိဋ္ဌိဝိစိကိစ္ဆာဟာ တတွဲထဲနေကြ၏။ ဒိဋ္ဌိပြုတ်ကွာလျှင် ဝိစိကိစ္ဆာနှင့်အတူတကွပင် ပြုတ်ရ၊ကွာရသည်။(ယခုပြတာတွေဟာ ဒိဋ္ဌိနှဲ့ဝိစိကိစ္ဆာ ခွါခွါပြ၏။)

(ဒိဋ္ဌိ၊ဝိစိကိစ္ဆာခွါပုံ ကွာပုံပြီး၏။)

## သက္ကာယဒိဋ္ဌိနဲ့ ဝိကိစ္ဆာကွာလျှင်ပင်

အနောဝတတ်အိုင်ထဲကရေစေ ဥပမာ

[အပါယ်ထဲသို့ပြစ်ချနိုင်သော အကုသိုလ်တွေ (၁၅၀၀) ကိလေသာတို့တတွေဟာ သက္ကာယဒိဋ္ဌိရှိမှသာလျှင် အကျိုးပေးနိုင်ကြသည်၊သက္ကာယဒိဋ္ဌိမရှိလျှင်၊ငင်းအကုသိုလ်ကံတွေ (၁၅၀၀) ကိလေသာတို့ဟာ အကျိုးမပေးနိုင်ကြတော့ပါ။

(အဟောသိကံတွေသါဖြစ်ကြရတော့သည်။)(သါကေမှာ) အပါယဂါမိက၊ ကမ္မာနိနာမ၊ သက္ကာယဒိဋ္ဌိယာ သတိယေဝ ဝိပစ္စန္တိ၊ သက္ကာယဒိဋ္ဌိယာ အသတိနောဝိပစ္စန္တိ။) အဘိဓမ္မာ ဋီကာများစွာမှ။ အနက်ကား၊ အပါယဂါမိက ကမ္မာနိနာမ အပါယ်သို့ပြစ်ချသော။ အကုသိုလ်ကံ (၁၅၀၀)ကိလေသာ တို့မည်သည်ကား။ သက္ကာယဒိဋ္ဌိယာ၊ သက္ကာယဒိဋ္ဌိသည်။ သတိယေဝ၊ ဓါတ်ကိုမရှုသဖြင့် ရှိ၍နေပါမှသာလျှင်။ အပါယေသု၊ အပါယ်လေးဘုံတို့၌လည်း။ ဝိပစ္စန္တိ၊ အကျိုးကိုပေး စွမ်းနိုင်ကြကုန်၏။ သက္ကာယဒိဋ္ဌိယာ၊ သက္ကာယဒိဋ္ဌိသည်။ အသတိ၊ ဓါတ်ကိုရှုသဖြင့် မရှိခဲ့သည်ရှိသော်။ တာနိ၊ ထို အကုသိုလ်ကံ၊ကိလေသာတို့သည်။နောဝိပစ္စန္တိ၊ဘယ်ဘုံမှာဘဲ နေနေ၊ အကျိုးမပေးနိုင်ကြကုန်။

ဓါတ်ရှုလို့ ဒိဋ္ဌိလဲကွာ၊ ဝိစိကိစ္ဆာလဲကွာသဖြင့် အပါယ် လေးဘုံမှ အမြဲတမ်းလွတ်နေကြရပုံကိုပြသည်။

[အပါယ်ချချနေတဲ့ ကံတွေကို ဝိပဿနာမီးနဲ့ရှို့ပြာချ ပြစ် ဧနေရပုံ။] [ဈာယေထဘိက္ခဝေ၊ ကိလေသေ၊ဝိပဿ နာအဂ္ဂိနာ။]ဈာနသံယုတ်။အနက်ကား၊ ဘိက္ခဝေ၊ချစ်သား တို့။ ကိလေသေ၊ အပါယ်ထဲသို့ အမြဲပြစ်ချ နေကြသော။ အကုသိုလ် ကိလေသာတို့ကို။ ဝိပဿနာအဂ္ဂိနာ၊ ဝိပဿနာ ဆိုတဲ့မီးဖြင့်။ ဈာယေထ၊ မီးရှို့ပြာချ ပြစ်ကြပါကုန်လော့။ အပါယ်သို့ချချနေတဲ့ အကုသိုလ် ကိလေသာတို့ကို ဝိပဿနာ မီးနဲ့ရှို့မှ ဧနေရပုံပြ၏။

## သက္ကာယဒိဋ္ဌိရှိလျှင် ဝဋ် ၃-ပါး လယ်လယ် နေရဦးမည်တဲ့

[ယါဝသက္ကါယဒိဋ္ဌိ၊ သမုပ္ပဇ္ဇတိ၊ တာဝ၊ ဝဋ္ဋဿ ပရိယန္တော နတ္ထေဝါတိ၊ အပ္ပဟီနသက္ကာယဒိဋ္ဌိကောဝဋ္ဋေ၊ ပရိဗ္ဘမတီတိ။] ဥပရိပဏ္ဏာသ ဋီကာကြီး။ နံပါတ်-၂၆၆၊ ကြောင်းရေ-၃ ဟံမူမှ။ အနက်ကား၊ ယာဝ၊ အကြင်ရွေ့လောက် ကာလပတ်လုံး။ သက္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိသည်။ သမုပ္ပဇ္ဇတိ၊ ဆက်ကာ-ဆက်ကာ ဖြစ်ပေါ်၍နေသေး၏။ တာဝ၊ ထိုရွေ့လောက်ကာလပတ်လုံး။ ဝဋ္ဋေ၊ ကိလေသဝဋ်၊ ကမ္မဝဋ် ဝိပါကဝဋ် ၃-ပါး၌။ ပရိဗ္ဘမတိ၊ အမြဲလည်၍နေရတော့၏။ ဒ ပ္ပဟီနသက္ကာယဒိဋ္ဌိကော၊ သက္ကာယဒိဋ္ဌိကို မပယ်ရသေးသောလူ့နတ်ပြဟ္မာ့သတ္တဝါသည်။ ဝဋ္ဋေ၊ ကိလေသဝဋ်၊ ကမ္မဝဋ် ဝိပါကဝဋ်သုံးပါး၌။ ပရိဗ္ဘမတိ၊ မပြတ်လည်၍သာနေရတော့၏။ (ဒိဋ္ဌိမကွာလျှင် ဝဋ် သုံးပါးလယ်နေရပုံပြသည်။)

ဝိပဿနာဖြင့် မဂ်ကိုယ်ဝန်ကိုယူလျှင် ဝဋ်သုံးပါး ပြတ်သွား၏။ [ဝိပဿနာမေဝ ဂဗ္ဘံ ဂဏှာတိ၊ နဝဋ္ဋဂဗ္ဘံ။] ဥပရိပဏ္ဏာသဋီကာကြီး နံပါတ်-၂၉၀၊ ကြောင်းရေ-၁၀၊ ဟံမူမှ။ အနက်ကား၊ ဝိပဿနာမေဝဂဗ္ဘံ၊ ဝိပဿနာဖြင့် သာလျှင်။ မဂ်ကိုယ်ဝန်ကို။ ဂဏှာတိ၊ ယူတော့၏။ ဝဋ္ဋဂဗ္ဘံ၊ ကိလေသဝဋ် ကမ္မဝဋ်၊ ဝိပါကဝဋ် ဟူသော ဝဋ်ကိုယ်ဝန်ကို။ နဂဏှာတိ၊

မယူတော့ပါ။ (ဝိပဿနာပွါး၍ မဂ်ကိုယ်ဝန်ကို ယူသည်။) ဝဋ်သုံးပါးပြတ်၍ ဝဋ်ကိုယ်ဝန် မရှိတော့ပြီတဲ့။

(ဤသာဓကပေါဠိမျိုး ၇-ပုဒ်၊ ၈-ပုဒ်လောက် စုထားသည်။ဤ၌တပုဒ်ထဲသာပြလိုက်ရပါသည်။)

သက္ကာယဒိဋ္ဌိရော၊ ဟိုဒိဋ္ဌိတွေရောဟာ ဒိဋ္ဌိ မှန် သမျှ အပါယ်သို့ကျ ရတာချည်းဘဲ။ [ဧကအင်္ဂုတ္တိုရ်ဲ အဋ္ဌကထာ နံပါတ်-၃၅၅၊ကြောင်းရေ-၅ဇံ့မှူ။(မိစ္ဆာဒိဋ္ဌိယာ ဘိက္ခဝေ သမ္ပန္နာဂတောတိ၊ဝစနတော(လ)အန္တမသော ဝိသတိဝတ္ထုကာ၊ သက္ကာယဒိဋ္ဌိ ဥပါဒါယ၊ ဒိဋ္ဌိနာမ၊ သဂ္ဂံ ဥပနေတုံ၊ သမတ္ထောနာမနတ္ထိ၊ဧကန္တံနိရယသ္မိံ ယေဝနိမုဇ္ဇာပေတိတိစုတ္တံ ယထာဟ၊ မုဂ္ဂ၊ မာသ၊ ပမာဏကာပိပါသာဏ၊ သက္ခရာ၊ ဥဒကေ၊ ပတိတာ၊ ဥပရိပလဝမာနာ၊ နာမနတ္ထိ၊ ဧကန္တံ ဟေဋ္ဌာပဝိသတိ၊ဝေမေဝံ၊အန္တမသော၊ သက္ကာယဒိဋ္ဌိ သဂ္ဂံ ဥပနေတုံ၊သမတ္ထောနာမနတ္ထိ၊ ဧကန္တံ အပါယေ၊ သုယေဝနိမုဇ္ဇာပေတီတိ။ ]အနက်ကား(မိစ္ဆာဒိဋ္ဌိယါဘိက္ခဝေ၊သမ္ပန္နာဂတောတိ။)ဟူ၍။ ဝစနတော၊ မြတ်စွာဘုရား ဟောခြင်းကြောင့်(လ)အန္တမသော၊ ယုတ်သောအပိုင်းအခြား အားဖြင့်။ ဝိသတိဝတ္ထုကာ၊ နှစ်ဆယ်သောဝတ္ထုရှိသော။သက္ကာယဒိဋ္ဌိံ၊ သက္ကာယဒိဋ္ဌိကို။ ဥပါဒါယ၊ အစပြု၍။ ဒိဋ္ဌိနာမ၊ဒိဋ္ဌိအမှားတို့မည်သည်ကား။ သဂ္ဂံ၊ နတ်ပြည်သို့။ ဥပနေတုံ၊ ပို့ဆောင်ခြင်းငှါ။ သမတ္ထောနာမ၊ စွမ်းနိုင်သည်မည်သည်။

နတ္ထိ၊ မဟုတ်ပါတကား။ ကေန္တ ၊ စင်စစ်အားဖြင့်။ နိရယသို့ ယေဝ၊ ငရဲ၌သာလျှင်။ နိမုဋ္ဌာပေတိ၊ နစ်မြုပ်ပေတတ်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ ၊ မိန့်ဆိုအပ်၏။ ဟိ၊ ဥပမာပြပါဦးအံ့။ မုဂ္ဂ၊မာသ၊ပမာဏိတာ၊ပဲနောက်မျိုးပဲကြီးမျိုးပမာဏရှိကြကုန်သော။ ပါသာဏ၊ သက္ခရာပိ၊ ကျောက်ခဲ-ကျောက်စရစ်ခဲ စသည်တို့သည်လည်း။ ဥဒကေ ရေ၌။ ပတိတာ ကျကြကုန်သည်ရှိသော်။ ဥပရိ၊ ရေ၏အပေါ်၌။ ပလဝမာနာ၊ နာမ ပေါ်၍ နေကုန်သည်မည်သည်။ နတ္ထိယထာ၊ မရှိကြကုန်သကဲ့သို့။ကေန္တ ၊ စင်စစ်အားဖြင့်။ ဟေဋ္ဌာ၊ရေ၏အောက်သို့ ပဝိသတိယထာစ၊ ဝင်၍နေကြရသကဲ့သို့။ ဧဝမေဝံ၊ဤအတူ သာလျှင်။ အန္တမသော၊ ယုတ်သော အပိုင်းအခြားအားဖြင့် သက္ကါယဒိဋ္ဌိ၊သက္ကါယဒိဋ္ဌိသည်။သဂ္ဂံ၊နတ်ပြည်သို့။ဥပနေတုံ ပို့ဆောင်ခြင်းငှါ။ သမတ္ထောနာမ၊ စွမ်းနိုင်သည် မည်သည်။ နတ္ထိ၊မရှိဟော့ပါ။ကေန္တ ၊စင်စစ်အားဖြင့်။အပါယေသုယေဝ၊ အပါယ်လေးဘုံတို့၌ သာလျှင်။ နိမုဋ္ဌာပေတိ၊ နစ်မြုပ်စေနိုင်ကြကုန်၏။ (ဒိဋ္ဌိမှန်လျှင် အားလုံးဒိဋ္ဌိမှာ အပါယ်သို့ သာပြစ်ချကြကုန်၏။ ကြောက်ကြပါ။)

လူတွင်စကြာ၊နတ်တွင်သိကြား၊ဗြဟ္မာတွင် မဟာဗြဟ္မာကြီး ဒိဋ္ဌိကြောင့် အပါယ်သို့ ကျကြရတယ်။ (လက်ာ) ဒိဋ္ဌိမကွာ ပုဂ္ဂိုလ်မှာလျှင် လူတွင်စကြာ၊ နတ်မှာ သိကြား၊ မိုးဖျားဗြဟ္မာ ဖြစ်တုံပါလည်း ခန္ဓာပြိုကွဲ၊ကုသိုလ်စဲက ဖေါက်လွဲပါယ်ရွာ ရောက်မြဲသာတည်း။(မာန်လည်ဆရာတော်။)

ဥက္ကိဋ္ဌာပုညတေဇေန၊ကာမရူပ ဂတိံ ဂတာ၊ဘဝဂ္ဂမ္ပိ သမ္ပတ္တာ၊ ပုနဂစ္ဆန္တိဒုဂ္ဂတိံ ။]ဝိဘင်း ပါဠိတော် ဓမ္မဟာဒယ ဝိဘင်းမှ။(၁)ဒါနကံမြောက်၍ လူ့ဘုံဆယ်ဌာနသို့ ရောက် နေကြသော လူဆယ်မျိုးတို့သည်ငင်း။ (၂)သီလကံမြောက် ၍ နတ်၆-မျိုးသို့ ရောက်နေကြကုန်သော နတ်သားတို့သည် ငင်း။ (၃)သမထကံမြောက်၍ ရူပတဆဲ့ဘုံသို့ ရောက်နေ ကြကုန်သော ရူပဗြဟ္မာတို့သည်ငင်း။ (၄)ဘဝဂ်ဘုံခေါ်တဲ့ နေဝသညာ နာသညာယတနဘုံသို့ ရောက်နေကြကုန်သော ဗြဟ္မာကြီးတို့သည်ငင်း။ ရှိကြကုန်၏။ ထိုထိုလူ့,နတ်,ဗြဟ္မာ, သတ္တဝါတို့သည်။ မိမိတို့၏ဖြစ်ရာ ဘုံဌာနမှ (ကံကုန်၍ငင်း အသက်တမ်းကုန်၍ငင်း။၂-မျိုးစုကုန်၍ငင်း။ သေကြရလျှင် အပါယ်လေးဘုံသို့သာ ဒိဋ္ဌိကဆွဲငင်၍ ကျရောက် နစ်နာကြ ရသည်။ရှေးရှေး ပေါရာဏကိက စကားပုံမှာ (၁) ဗြဟ္မာ့ပြည် မှာ တဝင်းဝင်း ဝက်စားကျင်းမှာ တရှုတ်ရှုတ်တဲ့။(၂)မနေ့ က သိကြား၊ ယနေ့မှာ နွားလားတဲ့။ (၃) မနေ့က သူဌေး ယနေ့မှာခွေးတဲ့။ ဒိဋ္ဌိကပေးလျှင် ဒါမျိုးတွေနှင့်သာ ဖြစ်၍ တသံသရာလုံး လာခဲ့ကြရတော့သည်။

ယုတ်လှ ဆိုးလှသော သက္ကာယဒိဋ္ဌိတမျိုးကို ပယ်သတ် နိုင်လျှင် တသံသရာလုံးကြေးနဲ့ဆန်တက်ပြီ။ [ယုတ်စွာဒိဋ္ဌိ ပယ်နိုင်ဘိမူ၊ ထိုသံသူကို သုံးလူနာထော၊ မြတ်ရှင်ဇောက သောတာပန်ဟု၊ သမုတ်ပြု၏။ လေးခုအပါယ် ဒုက္ခနယ်မှ

တကယ်လွတ်ကြောင်း ထပ်ဆင့်လောင်း၍ သံညောင်းချိုမြ မိန့်ကြက်ဟ၏။]အောင်လန်မြို့ မြဝတီဆရာတော် ရေးသည်။

သောတာပန်ဟု ပုဂ္ဂိုလ်စုကား ငါးခုခန္ဓာ ရုပ်နာမ်ဟာ ကိုငါသူတပါး အထင်မှားသည်။တရားယုတ်စွာ သက္ကာယ ဟု ရှုရှာဖွယ်လိ၊ ယင်းဒိဋ္ဌိကို ဝိပဿနာ ဉာဏ်ပညာဖြင့် ပယ်ခဲ့ရုံမျှ ဖြစ်ကုန်ကြ၏။(မြဝတီ)

(သေရေး၊ ရှင်ရေးတမျှ အားစိုက်ရမည့် ကရဏီယ အလုပ်ဝတ္တရားပြပုံပြီး၏။)

## မဂ်တရားရှင်းပြခန်း

(ကေတိံသ ကဆုံမာသ ကာဋ္ဌပက္ခ ဒသဒိဝသ မပါတူ ကုံးဂါမ။)

(၁) အဘိဓါန် ကျမ်းပေါင်း များစွာတို့၌ မဂ္ဂေါမဂ် တရား။×မဂ္ဂေါအကြောင်းတရား။×မဂ္ဂေါလမ်းခရီး မဂ္ဂေါ ဝိပဿနာဟူ၍ လေးမျိုးပြသည်။ ။တနည်း၊ အဘိဓါန် ကျမ်းအမျိုးမျိုးတို့၌[ မဂ္ဂေါလမ်းခရီး။× ပထော လမ်းခရီး အဋ္ဌူသော လမ်းခရီးစသည်ဖြင့်ပြပြန်၏။

(၂) လေယာဉ်ပျံတို့ သွားရာဖြစ်သော၊ လေကြောင်း ခရီးကို လေကြောင်းမဂ်တဲ့။× လှေသင်္ဘော စသည်တို့၏ သွားရာဖြစ်သော မြစ်ကြောင်းခရီးကို ရေကြောင်းမဂ်တဲ့။ လူနှင့် နွား မြင်း ဆင် လှည်း ကား မီးရထားတို့၏ သွားရာ

ဖြစ်သော ကုန်းကြောင်းခရီးကို ကုန်းကြောင်းမဂ်တဲ့။ ဤပုံလည်း မဂ်နဲ့ ခရီးနဲ့၊ လမ်းမနဲ့ အမည်တပ်၍ ခေါ်ကြသည်။

၅၅၀-ဇာတ် အဋ္ဌကထာ များစွာတို့၌ ပြပုံမှာတော့ ဒါနပြုသော ဒကါ-ဒကာမတို့ကိုမြတ်စွာဘုရားက (တထာဂတာနံ၊ ဂတမဂ္ဂေါ)ဟု ဟောခဲ့ပါသည်။ ဒကာ-ဒကာမတို့ ဒါနပြုခြင်းဟာ ငါဘုရားတို့၏ သွားရာလမ်းမကြီးဘဲ။ ဝါ၊ မဂ်တရားပါဘဲတဲ့။ သီလပြုကြသော ဒကာ-ဒကာမတို့ကို ဘုရားက (တထာဂတာနံ ဂတမဂ္ဂေါ။) သီလပြုတာဟာ မြတ်စွာဘုရားတို့၏သွားရာဖြစ်သော လမ်းခရီးပါဘဲ။(ဝါ) မဂ်တရားပါဘဲတဲ့။ သမထပြုကြသော ဒကာ-ဒကာမတို့ကို ဘုရားက(တထာဂတာနံ ဂတမဂ္ဂေါ။)ဟု ဟောခဲ့ပါသည်။ သမထကိုပြုခြင်းဟာ ငါဘုရားတို့၏သွားရာဖြစ်သော လမ်းခရီးပါဘဲ။ (ဝါ)မဂ်တရားပါဘဲဟု ဟောပြသည်။ (လမ်းခရီးဟာ မဂ်တရား) ပါဘဲဟုဆိုလိုသည်။

(၄) သင်္ဂြိုဟ်ကျမ်း သမုစ္စည်းပိုင်း၌လဲ မဂ္ဂင် ၈-ပါးက သမ္မာဒိဋ္ဌိမဂ္ဂင် သမ္မာဒိဋ္ဌိမဂ်တရား။မိစ္ဆာဉာဏ်စသည်တို့ကား မိစ္ဆာမဂ္ဂင်တရားဟု ဖေါ်ပြ၍ထားပါသည်။

(၅) စရိယာပိဋ္ဋကတ်အဋ္ဌကထါနံပါတ်-၇၃၊ကြောဖ်း ရေ-၁၁ ဟံ့ူ၌။(ပုရောဟိတံ၊ ဗြဟ္မာလောကဂါမိမဂ္ဂံ အာစိက္ခာတိအာဟ။) အနက်ကား။ ရာဇာ၊ ကေရာဇ်မင်းသည်။ ပုရောဟိတံ၊ ခဏ္ဍာလာဟမည်သော။ ပုရောဟိတ်ကို။ တံ့၊ သင်သည်။မမ၊ငါ့အား။ ဗြဟ္မလောကဂါမိမဂ္ဂံ၊ဗြဟ္မာ့ပြည်

သို့သွားရာဖြစ်သော ခရီးလမ်းမကြီးကို။ အာစိက္ခ၊ ပြောပြုပါလော့။ ဉာတိ၊ ဤသို့။ အာဟ၊ မိန့်ခဲ့ပါပြီ။(ခရီးလမ်းမကိုမဂ်တဲ့ဗျ။) ပုရောဟိတ်က၊ မင်းအား ပြောပြပုံကိုလဲ (သောသဂ္ဂမဂ္ဂံ၊ အာစိက္ခိဿာမိတိ၊ နိရယမဂ္ဂံ အာစိက္ခိ။) စရိယာပိဋက အဋ္ဌကထာပင်။ နံပါတ်-၇၃၊ ကြောင်းရေ-၁၆ ဟံမှူအနက်ကား။ သော၊ ထိုခဏ္ဍာလာဟ၊မည်သော။ပုရောဟိတ်ပုဏ္ဏားသည်။ သဂ္ဂမဂ္ဂံ၊ နတ်ပြည်သို့သွားရာဖြစ်သော။ မဂ်လမ်းမကို။ အာစိက္ခိဿာမိ၊ ပြောပြပါအံ့။ ဉာတိဤသို့၊ဝန်ခံပြီးမှ။ နိရယမဂ္ဂံ၊ ငရဲသို့သွားရာဖြစ်သော။မဂ်လမ်းကြီးကိုအာစိက္ခိ၊ပြောကြားလေပြီ။ဤ၌(၁)ဗြဟ္မာလောကဂါမိမဂ္ဂဗြဟ္မာ့ပြည်သို့သွားရာဖြစ်သော မဂ်လမ်းကြီး။ (၂)သဂ္ဂမဂ္ဂနတ်ပြည်သို့သွားရာဖြစ်သော မဂ်လမ်းမကြီး။ (၃)နိရယမဂ္ဂငရဲသို့ သွားရာဖြစ်သော မဂ်လမ်းမကြီးဟု ကျမ်းဂန်များ၌သုံးစွဲနေကြပုံကို တွေ့နိုင်ပါပြီ။

(၆) (က) တနည်း၊ အကုသိုလ်များသည်။အပါယ်-၄ဘုံသို့သွားရာဖြစ်သော မဂ်လမ်းမကြီးတခု။ (ခ)ဒါနသည်။လူ့ဘုံသို့သွားရာဖြစ်သော မဂ်လမ်းမကြီး။ (ဂ) သီလသည်။နတ်ပြည်သို့သွားရာဖြစ်သော မဂ်လမ်းမကြီး။ (ဃ)သမထသည်၊ ဗြဟ္မာ ၂၀-ဘုံသို့ သွားရာဖြစ်သော မဂ်လမ်းမကြီး။ (င)ဝိပဿနာသည်။မဂ်ပြည်၊ ဖိုလ်ပြည်၊ နိဗ္ဗာန်ပြည်သို့သွားသွားရာဖြစ်သော မဂ်လမ်းကြီး လမ်းအထွေထွေကိုပင် (မဂ်တရား)ဟု၊ နာမည်တပ်၍ သုံးစွဲနေကြသည်။

(၇) [တေလောဘာဒိ ဥဿဒတာယ၊ အပါယမဂ္ဂံ
အလောဘာဒိဥဿဒတာယ၊ သုဂတိမဂ္ဂံ၊ နိဗ္ဗာနဂါမိမဂ္ဂဥ္စ၊
ပူရေန္တိ။] ဝိမာနဝတ္ထုအဋ္ဌကထာ နံပါတ်-၁၆၊ ကြောင်းရေ
၁၃၊ သုမ္မမှု၊ (အနက်ကား) တေ၊ ထိုလူတို့သည်။ လောဘာဒိ၊
ဥဿဒတာယ၊ လောဘအစရှိသော။ အကုသိုလ်တရားဖြင့်
ပြန့်ပြောသည်၏အဖြစ်ကြောင့်။ အပါယမဂ္ဂံ၊ အပါယ်လမ်း
မမင်္ဂကိုရင်း။ အာလောဘာဒိ ဥဿဒတာယ၊ အလောဘ
အစရှိသော ကုသိုလ်တရားဖြင့် ပြန့်ပြောသည်၏ အဖြစ်
ကြောင့်။ သုဂတိမဂ္ဂံ၊ သုဂတိမင်္ဂ ခရီးလမ်းမကြီးကိုရင်း။
နိဗ္ဗာနဂါမိမဂ္ဂဥ္စ၊ နိဗ္ဗာန်လမ်းမမင်္ဂကိုရင်း။ ပူရေန္တိ၊ ဖြည့်၍
နေကြကုန်၏။ ။အကျဉ်းချုပ်မှာ ရုပ်နာမ် ၂-ပါး၊ လက္ခ
ဏာရေး ၃-ပါး၊ ပရိညာ ၃-ပါး၊ သစ္စာလေးပါး၊ ဝိသုဒ္ဓိ
၇-ပါး၊ ဗောဓိပက္ခိယတရား ၃၇-ပါး၊ ဉာဏ်စဉ် ၁၆-ပါး
၅၅-ပါး၊ ၉၆-ပါး၊ ဝိပဿနာတရား အားလုံးတို့ဟာ မင်္ဂ
လမ်းမကြီးတွေပါဘဲ။ (မေး) မဂ္ဂမင်္ဂဆိုတာဘယ်တရားလဲ။
(ဖြေ) (ကောယနော အယံခေါ်ဘိက္ခဝေ မဂ္ဂေါ။)
သုတ်မဟာဝါ ပါဠိတော်။ မဟာသတိပဋ္ဌာန သုတ်တော်
နံပါတ်-၁၁၉၊ ကြောင်းရေ-၁၈ စံသာရက္ခမှုမှု။ ချစ်သားတို့
တလမ်းထဲ သွားနေသော ဤသတိပဋ္ဌာန်း လေးပါးကို
(ကောယနမင်္ဂတရား) ဘဲဟူ၍ မှတ်ထားကြပါ။ ကျင့်ကြ
ပါတဲ့။

(မင်္ဂတရားရှင်းပြခမ်း အကျဉ်းချုပ်ပြီး၏။)

# (၃၁)ဘုံ အရှူးတို့၏ချမ်းသာ

| |
|---|
| မနုဿ သမ္ပတ္တိသုခါ |
| သုခါ စ သမ္ပတ္တိဒေဝါ |
| သုခါ ဗြဟ္မသမ္ပတ္တိ စ |
| နိဗ္ဗာနံ ပဝရံသုခံ။ |

ဘောဂနွှော၊သုံးဆဲ့တထောင် ဝင့် အိမ်နှောင်၌ ပြောင်ပြောင်- ဝင်း ဝင်း ခံစားခြင်းရှိကြသော အို... လူ အပေါင်းတို့။မနုဿသမ္ပတ္တိ၊လူ့ပြည် မှာထိန်။ တရှိန်ရှိန်နှင့် ဂုဏ်သိမ်မညှိုး စည်းစိမ်မျိုးသည်ကား သုခါအရှူးအနှမ်း အထူးအဆန်းမို့ ကူးသန်း မရအောင် ချမ်းသာလှပါပေ၏။ စ၊ထို့ထက်သာသော ချမ်းသာမျိုးကို ပြပါဦးအံ့။ ဒေဝသမ္ပတ္တိ၊ နတ်ပြည်မှာထိန်၊ တရှိန်ရှိန်နှင့် ဂုဏ်သိမ်မညှိုး စည်းစိမ်မျိုးသည်ကား၊ သုခါ၊ အရှူးအနှမ်း အထူးအဆန်းမို့။ ကူးသန်းမရအောင် ချမ်းသာလှပေ၏။ စ၊ ထို့ထက်သာသော ချမ်းသာမျိုးကို ပြပါဦးအံ့။ ဗြဟ္မာ့ သမ္ပတ္တိ၊ဗြဟ္မာမှာထိန်၊ တရှိန်ရှိန်နှင့်ဂုဏ်သိမ်မညှိုး စည်းစိမ် မျိုးသည်ကား။ သုခါ၊ အရှူးအနှမ်း အထူးအဆန်းမို့ ကူး သန်းမရအောင် ချမ်းသာလှပေ၏။စ၊ထိုသုံးမျိုးထက်ကဲလွန် သော ချမ်းသာမျိုးကို ပြပါဦးအံ့။ နိဗ္ဗာနံ၊ ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း၍ ဇာတ်သိမ်းရာမှန် ပြည်နိဗ္ဗာန် သည်ကား ပဝရံ၊တုနှိုင်းမရ။လူ့ဂိုဏ်း ပဝရဟာမို့။ အတိုင်းတိုင်းထက် ကြွပေထသော။သုခံ၊အဆိပ်တွေခမ်း ဣန္ဒြေနန်းမို့ ထိပ်တန်း ကြသော ချမ်းသာကြီးပါပေတည်း။

ပထမ၊ ဒုတိယ၊ တတိယချမ်းသာ ၃-စုက အရှူးအတွက်

တွေ့ပါတဲ့။ စတုတ္ထ ချမ်းသာခြင်းသည်သာလျှင် အနိယာ အတွက်၊ လောကုတ္တရာအတွက်မို့ (အတုလံ)ဘွဲ့ရ ချမ်းသာ ခြင်းဖြစ်ပါသည်။

## ဗြဟ္မာတို့၏ဝါဒ ပြသနေခြင်း

သတ္တိယာဝိယ သြမဋ္ဌော
ဍယှမာနေဝ မတ္ထကေ
ကာမရာဂံ ပဟာနာယ
သတောဘိက္ခု ပရိဗ္ဗဇေ

သဂါထာ ဝဂ္ဂသံယုတ်ပါဠိတော်ကြီးမှယူပြသည်။ သတ္တိယာ၊ ကြီးလေး လှံသော လှံမကြီးဖြင့်။ သြမဋ္ဌောဝိယစ ရင်ဝ အလယ် နာကျင်ဘွယ်ဖြင့် တကယ်စူးဝင်နေသောသူကဲ့သို့ရင်း၊ မတ္ထကေ၊ဦးကျွောင်းခေါင်းတွင် ထိပ်ပြင်ခေါင်းပေါ်၌။ ဍယှမာနေဝိယစ၊ ညီးညီး-ပြောင်ပြောင်၊ မီးကြီး လောင်၍နေသောသူကဲ့သို့ရင်း။ ကာမရာဂံ၊ ကာမဂုဏ်ငါး အာရုံပွါးတဲ့ လောဘတရားဆိုးကြီးကို။ပဟာနာယ၊လာလာသမျှ ဈာပနဖြင့် ပြာချပြစ်ခြင်း အကျိုးငှါ၊ သတော၊ သတိပဋ္ဌာန် အမိကြံ၍ ရိညာဏ်နှင့် နေပေသော။ ဘိက္ခု၊ အကုက်လေ၊ ဝိပါက်တွေကို။ နေ့ရှေ့မတွဲ့ အခွဲကြီးခွဲလျက် တယောက်ထဲ နေလေ့ရှိသော ရဟန်းသည်။ ပရိဗ္ဗဇေ၊ကိလေသာ ဂျိုးအမှိုက်တို့ကို။ ဝိပဿနာမီးမြှိုက်ပြီးတော့ ဟီးတိုက်ကာ ရှို့ပြစ်ရာတော့သတည်း။

[ သမထလေးဆယ်နဲ့ ဝိဇ္ဇာနဲ့၊အဘိညာဉ်နဲ့၊ သမာပတ်နဲ့ ဈာန်ကိုးဈာန်နဲ့၊မြေလျှိုးမိုးပျံနဲ့၊တန်ခိုးဈာန်နဲ့၊ ရှေးကမှာ

လေးဆယ်ကို မြင်စွမ်းနိုင်သော ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်တော်ကြီးကိုရင်း။နောက်ကမ္ဘာလေးဆယ်မြင်စွမ်းနိုင်သော အနာဂတံသဉာဏ်တော်ကြီးကိုရင်း။ ရရှိနေကြသော ကမ္ဘာပေါင်း ၈၄၀၀၀-ကြာအောင် ပြဟ္မာ့ဘုံ၌ နေကြရသော ဘဝဂ်ဟုခေါ်တဲ့ဌာနက ပြဟ္မာကြီးတွေတောင်မှ(ဒိဋ္ဌိတလုံးကို) မမြင်ရသဖြင့် ကာမရာဂ ကိလေသာကို ပယ်သတ်ဘို့ မြတ်စွာဘုရားက လူ့နတ်ပြဟ္မာတို့အား ဟောဟော ပေးပါဟုလာ၍ လျှောက်တယ်။ ပထမတန်း ပြဟ္မာကြီး တွေတောင်မှ ဤမျှ(ကဏ်း)နေပါမူ လူတွေ၊ နတ်တွေမှာ ဘယ်ပြောစရာရှိတော့မှာလဲ။ အရှူးမြင်၊အရှူးသိ၊အရှူးပြောချည်းဖြစ်နေကြတော့မှာပေါ့။ [ဣတိဝုတ် ပါဠိတော်၌ ဘုရားဟောထားတဲ့ ဂါထာကိုကြည့်ပါဦး။

ပညာယ ပရိဟိနေန
ပဿလောကံ သဒေဝကံ
နိဝိဋ္ဌံနာမရူပသ္မိံ
ဣဒံသစ္စန္တိမညတိ။

ပညာ၊ ဝိပဿနာပညာ၊ မဂ်ပညာမှ ပရိဟိနေန၊ မကျင့်မကြံမနာခံဘဲ။ ဆုတ်ယုတ်နေခြင်းကြောင့်။ နာမရူပသ္မိံ၊ နာမ်ရုပ် ၂-ပါး၌။နိဝိဋ္ဌံ၊ဒိဋ္ဌိငါ၊ တဏှာငါ၊ မာနငါနှင့်စွဲဝင်ပူးကပ်၍ နေသော။သဒေဝကံ၊ လူ၊နတ်၊ပြဟ္မာသတ္တဝါနှင့်တကွသော လောကံ၊ သုံးဘုံသားတွေကို။ ပဿ၊ စေ့စေ့-၄၄ ဉာဏ်ဖြင့် လှ၍ကြည့်ရှုစမ်းပါလော့။ ဣဒံ၊ ဝိညာဉ်သိ၊သညာသိ၊ဒိဋ္ဌိသိ ဝိတက်သိ၊ သုတမယသိ၊ စိန္တာမယသိ၊ အသိခြောက်ပါးကို သစ္စန္တိ၊အမှန်ဘဲဟူ၍။မညတိ၊မညနာသုံးပါးဖြင့် အမှားကြီး

မှားချပင်နေတော့၏။ (၃၁)ဘုံသားတွေ ဒိဋ္ဌိကပ်ပြီးမှားနေကြပုံပြသည်။

(ဗုဒ္ဓါဒသဘောမျှ သိကဉာဏ်ပညာ။) ပြဟ္မာကြီးက (၃၁)ဘုံက လူ,နတ်,ပြဟ္မာ,သတ္တဝါ တွေဟာ(ကာမ၊ ရာဂ) ဆိုတဲ့၊ချောက်နက်ကြီးထဲ၌ကျကျနေကြပါတယ်။ဒါ့ကြောင့် (ကာမ ရာဂ)ကို ပယ်သတ်ဘို့ ဘုရားက ဟောပြပေးပါတဲ့။ ဒီလိုချောက်တော့ ငါတို့၏ မြတ်စွာဘုရားက (ဒိဋ္ဌိ)တလုံး ပယ်ဘို့သာ အရေးကြီးပါတယ်။ (ဒိဋ္ဌိ)တလုံးကိုပယ်ထားလျှင်(၁၅၀၀) ကိလေသာများ အပါယ်သို့ မချနိုင်တော့ပါတဲ့။

| | |
|---|---|
| သတ္တိ'သာဝိယ ဩမဋ္ဌော<br>ဍယှမာနေဝ မတ္ထကေ<br>သက္ကာယဒိဋ္ဌိ'ပဟာနာယ<br>သတောဘိက္ခု ပရိဗ္ဗဇေ။ | သဂါသာဝဂ္ဂ သံယုတ် ပါဠိတော်မှ။ သတ္တိယာ၊ ကြီးလေးလှသော လှန်မကြီးဖြင့်။ ဩမဋ္ဌောဝိယ၊ ရင်ဝ၊ အလယ်၊ |

နာကျင်ဘွယ်ဖြင့် တကယ်စူးဝင်၍ နေသော သူကဲ့သို့ရင်း။ မတ္ထကေ၊ဥက္ကောင်းခေါ်တွင် ထိပ်ပြင်ခေါင်းပေါ်၌။ ဍယှမာနေဝိယ၊ ညီးညီး-ပြောင်ပြောင်၊ ဟီးဟီး လောင်မျှမီးလောင်ခံရသောသူကဲ့သို့ရင်း။ သက္ကာယဒိဋ္ဌိ၊ စိတ်-၁၂ ပါး၊ စေတသိက် ၅၂-ပါး၊ ရုပ် ၂၈-ပါး၌။ ငါသူစွဲ၍နေသော သက္ကာယဒိဋ္ဌိကြီးကို။ ပဟာနာယ၊ လာလာသမျှ စျာပနဖြင့် ပြာချပြစ်ခြင်းအကျိုးငှါ။ သတော၊သတိပဋ္ဌာန် အရှိကြံ၍ ရိဉာဏ်ရှိသော ဘိက္ခု၊အကုကိလေ၊ဝိပါက်တွေကို

နေ့ရှေ့မတွဲ၊ အခွဲကြီးခွဲ၍ တယောက်ထဲ နေလေ့ရှိသော ရဟန်းသည်။ပရိဗ္ဗောဇ၊ကိလေသ ါဂျိုးအမိုက်တို့ကို။ဝိပဿနာ မီးမြှိုက်ပြီးတော့ ဟီးတိုက်ကာ ရှို့လိုက်ရာတော့သတည်း။

ဗြဟ္မာတို့၏ ဝါဒက (၁၅၀၀) ကိလေသာတို့ကို ဦးစွာ ပယ်ရှားထားကြပါတဲ့။

ဗုဒ္ဓဝါဒကတော့ (ဒိဋ္ဌိ)တလုံးကို ဦးစွာပယ်ရှား၍ထား ကြပါတဲ့။ ။(ဒိဋ္ဌိ)တလုံးကွာလျှင် (၁၅၀၀) ကိလေသာ များဟာ အပါယ်သို့မချနိုင်တော့ပါ။

## ဝိသာခါဒိဋ္ဌိတလုံးပယ်နိုင်၍ (၁၅၀၀) ကိလေသာတွေမှိုင်ရပုံ

ဝိသာခါဟာ ၇-နှစ်သမီးအရွယ်ကပင်(ဒိဋ္ဌိမယ်ပြီး သော တာပန် မင်္ဂဖိုလ်နဲ့ နေလာခဲ့တယ်။ (၁၆)နှစ် အရွယ်ရောက် တော့။ ပုဏ္ဏဝဍ္ဎန သူဌေးသားနဲ့ အိမ်ထောင်ကျနေတယ်။ ကာမ-ရာဂ ဗျာပါဒတွေနှင့် ရှုတ်ပွေ၍နေတယ်။ ကြွားတဲ့ ဖြစ်ပုံမှာတော့(မဟာလ္လတာတန်းဆာ)ကြီး။ ၂၇-ကုဋေနှင့် ဝတ်ပြီး ကြွားနိုင်သေးတယ်။သား,သမီးက(၂၀)မြေးက-၄၀၀ မြစ်ရှစ်ထောင်နှင့် ကာမဘောင်၌ နေတယ်။ ကာမရာဂနှင့် နေပေမဲ့ (၁၅၀၀)ကိလေသာတို့က ဝိသာခါကို အပါယ်ထဲ သို့မချနိုင်တော့ပါ။ [အပါယဂါမိက ကမ္မာနိနာမ သက္ကာ ယဒိဋ္ဌိယာ သတိယေဝ ဝိပစ္စန္တိ သက္ကာယဒိဋ္ဌိယာ အသတိ နော ဝိပစ္စန္တိ။] ဋီကာကြီးများစွာမှ။

(အနက်ကား) အပါယဂါမိက ကမ္မာနိနာမ၊ အပါယ် ထဲသို့ပြစ်ချနေတဲ့ အကုသိုလ်ကံတို့မည်သည်ကား။သက္ကာယ ဒိဋ္ဌိယာ၊သက္ကာယဒိဋ္ဌိသည်။ သတိယေဝ၊ ရှိ၍နေမှသာလျှင်။ ဝိပစ္စန္တိ၊အကျိုးပေးတတ်ကြကုန်၏။သက္ကာယဒိဋ္ဌိယာ၊သက္ကာ ယဒိဋ္ဌိသည်။အသတိ၊မရှိခဲ့သော်။နဝိပစ္စန္တိ၊ အပါယ်၌အကျိုး မပေးနိုင်ကြကုန်။

အကုသိုလ်ကံတို့ (၁၅၀၀) ကိလေသာတို့ဟာ သက္ကာယ ဒိဋ္ဌိရှိနေတဲ့သူကိုမှ အပါယ်ထဲသို့ပြစ်ချနိုင်ကြတယ်။သက္ကာယ ဒိဋ္ဌိမရှိလျှင် အကုသိုလ်ရော၊ကိလေသာတို့ဟာ သတ္တဝါတွေ ကို အပါယ်ထဲသို့မချနိုင်ကြတော့ပါ။သောတာပန်တွေဟာ ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာ ၂-မျိုးကိုသာ ပယ်နိုင်ကြပါတယ်။ (ကာမ ရာဂ) တို့ကို မပယ်နိုင် ကြသေးပါ။ သကဒါဂါမ်တို့ဟာ။ (ကာမ-ရာဂ၊ ဗျာပါဒ)ကို ခေါင်းပါးရုံသာ ပယ်နိုင်ကြ တယ်။ကြွင်းကျန်တာတွေကိုမပယ်နိုင်ကြသေးပါ။အနာဂါမ် တို့တောင်မှ (၁၅၀၀)ထဲက ကာမ ရာဂ ဗျာပါဒ ၂-မျိုးကို သာလျှင် ပယ်နိုင်ကြပါတယ်။ ကျန်တာတွေကို မပယ်နိုင်ကြ ပါ။မပယ်နိုင်ကြပေမဲ့ အပါယ်သို့မကျရတော့ပါ။ အပါယ် တံခါးပိတ်၍သွားပါပြီ။ ၁၅၀၀-ကိလေသာတွေကို ရဟန္တာ တို့သာ။အကျွင်းအကျန်မရှိစေဘဲ။ပယ်နိုင်ကြပါတယ်။ ပယ် စဉ်ပြ၍ဟောကြပါလေ။

## ဓါတ်ပို့သော ဝိသာခါ၏(၇)ဘဝကို ကြည့်ပါဦး

(၁) ဝိသာခါဘဝနှစ်ပေါင်း ၁၂၀–နေရ။
(၂) နိမ္မာမှာ ၂၃၀–ကုဋေ၊ ၄–သန်း နေရ။
(၃) အဝိဟာမှာ ကမ္ဘာပေါင်း (၁၀၀၀)
(၄) အတပ္ပါမှာ ကမ္ဘာပေါင်း (၂၀၀၀)
(၅) သုဒဿာမှာ ကမ္ဘာပေါင်း (၄၀၀၀)
(၆) သုဒဿီမှာ ကမ္ဘာပေါင်း (၈၀၀၀)
(၇) အကနိဋ္ဌာမှာ ကမ္ဘာပေါင်း (၁၆၀၀၀)

ယခုပြတဲ့(၇)ဘဝနှင့် စာနာ၍ကြည့်လျှင် ကမ္ဘာပေါင်း (၃၁၀၀၀)နှင့် ၂၃၀–ကုဋေ၊၄–သန်း၊၁၂၀–အထိတက်တက် ပြီးနေရတယ်။အဲဒါဓါတ်တလုံးကအမြတ်ဆုံးဌာနသို့ ပို့ပို့နေ ကြပုံကို ပြထားပါသည်။ (ဒိဋ္ဌိ)တလုံးကို ပယ်နိုင်၍ ဤမျှ လောက် အတက်နဲ့၊ အမြင့်တန်းနဲ့နေသွားရသည်။(၁၅၀၀) ကိုတော့ ဝိသာခါဟာ မပယ်ရ၊ မသတ်ရသေးပါ။ ပြဟ္မာ ကြီးက ပူပန်ခနသော(၁၅၀၀)ကိလေသာနှင့် အကုသိုလ်ကို ဝိသာခါတို့က မပယ်ရသေးပါ။ မသတ်ရသေးပါ။ (ဒိဋ္ဌိ) တလုံး သေသွားတာနှင့် အပါယ်တံခါး ပိတ်ရတော့သည်။ ဓါတ်၏တန်ခိုးပါဘဲ။ ဓါတ်နှင့် ဒိဋ္ဌိတလုံးကို အရေးတကြီး သတ်ကြ၊ သောတာပန်ဘဝကို ရမည်။ ဓါတ်နဲ့ (၁၅၀၀) ကိလေသာကိုသတ်ဘို့ကို လုလ္လမပြုနဲ့ဦး။(ဝေရမဏိ)လောက် သာပြု့နေကြပါဦး။

| နှစ်(၅၀၀၀)သာသနာမကွယ်တစု | ပရိယတ္တိသာသနာ |
| --- | --- |
| နိဗ္ဗာန်အထိ သာသနာမကွယ်တစု | တခုထဲကို သဲသဲ-မဲမဲ |

ပြုနေလျှင် သာသနာဟာ(၅၀၀၀)စေ့မှ ကွယ်မည်။ ၎င်းအတွင်း၌မကွယ်ပါ။ ။ဝိပဿနာကို ပွါးများသော သူမှာကား။ နှစ်(၅၀၀၀)ရော။ နိဗ္ဗာန်အထိရော။ သာသနာမကွယ်ပါ။ဝိပဿနာနဲ့သာ နတ်ပြည်သို့ရောက်သွားမူ စာတုမဟာရာဇ်မှာ ၉-သန်းလဲမကွယ်ပါ။တာဝတိံသာမှာ ၃-ကုဋေ ၆-သန်းမကွယ်ပါ။ ယာမာမှာ ၁၄-ကုဋေ ၄-သန်းမကွယ်ပါ။တုသိတာမှ ၅၇-ကုဋေ ၆-သန်းမကွယ်ပါ။ နိမ္မာမှာ ၂၃၀-ကုဋေ ၄-သန်းမကွယ်ပါ။ဝသဝတ္တီမှာ ၉၂၁-ကုဋေ၊ ၆-သန်း သာသနာမကွယ်ပါ။ ဗြဟ္မာ ၂၀-မှာလဲ သူတို့နေရသော လက်တန်းအထိ သာသနာ မကွယ်တော့ပါ။ (၁)ပုထုဇဉ်တွေဟာ(၅၀၀၀)စေ့လျှင်သာသနာကွယ်မည် (၂)အရိယာများမှာ ယနေ့ကစ၍နိဗ္ဗာန်အထိပင် သါသနာမကွယ်တော့ပါ။ (သုညကမ္ဘာမှာလဲ) ၎င်းတို့၌ သာသနာမကွယ်တော့ပါ။

ကမ္ဘာတသိန်းဘုရားများစွာပင်

| | | | | |
| --- | --- | --- | --- | --- |
| ၇-သင်္ချေ့ဗြဟ္မဒေဝဘုရားစ ၁၂၅၀၀၀ | လောင်း၊ | ယာ၊ | ရာ | ၃-ဦး |
| ၉-သင်္ချေ့ ဂေါတမဘုရား ၃၇၇၀၀၀ | ။ | ။ | ။ | ၃-ဦး |
| ၄-သင်္ချေ့သရဏင်္ကရာဘုရား ၁၂-ဆူ | ။ | ။ | ။ | ၃-ဦး |
| ကမ္ဘာတသိန်း ပဒုမုတ္တိုရ်စ ၁၇-ဆူ | ။ | ။ | ။ | ၃-ဦး |

လေးဌာနအတွင်း၌ ပွင့်ကြကုန်သော ဘုရားများမှာ

(၇၁၂၀၂၉)ပွင့်ကြပါသည်။ ၎င်းဘုရားတွေနှင့် တွေ့ဆုံ ကြုံကြိုက်သဖြင့် အလောင်းတော်ရယ်။ယသော်ဓရာရယ်။ သားရာဟုလာရယ်။ တအိမ်ထောင် မိဘ,သား,တစုတို့ဟာ တွဲ၍တွဲ၍ ပါရမီတော်ကြီးကိုသာ အားတိုက်-အင်စိုက် ဖြည့်ဆည်းပူးကြတယ်။ (ဓါတ်တရားတခု)ကို မေ့မေ့နေ ကြတယ်။ ဒါကြောင့် ဓမ္မစကြာပါဠိတော်၌ ထည့်၍ပြထားသည်မှာ (ပုဗ္ဗေအနနုဿုတေသု ဓမ္မေသု။)ဟူ၍ ကွက်ကွက်ကွင်းကွင်း၊ ထင်းထင်း-လင်းလင်းကြီး ဝန်ခံ၍ထားသည်။ ပါရမီသာပြည့်ဝ၍ ဓါတ်မပါတော့။ မဂ်,ဖိုလ်နိဗ္ဗာန်မရကြသေးပုံ။အပါယ်တံခါးလဲပိတ်ကြရသေးပုံ။ ဆင်းရဲသံသရာလဲ မပြတ်ကြသေးပုံကို ဖေါ်ပြခြင်း သတိရစေခြင်းတည်း။

| | | | |
|---|---|---|---|
| ဓ | ဓ | ဓ | မဂ္ဂသစ္စာနှင့်နိရောဓသစ္စာ၊ |
| လ | ဒ | မ | ဒုက္ခသစ္စာနှင့်သမုဒယသစ္စာ။ |
| ၅၀၀ | ၅၀၀ | ၅၀၀ | |

ခန္ဓာကိုယ်မှာ လောဘဖြစ်လျှင် ၅၀၀-ပါရှိ၏။ ဒေါသဖြစ်လျှင် ၅၀၀-ပါရှိ၏။ မောဟဖြစ်လျှင် ၅၀၀-ပါရှိ၏။ ၎င်းခန္ဓာကိုယ်ထဲမှပင် ဓါတ်များပြပြပေါ်သည်။ (အရိပ်ပြအကောင်ထင်ကြပါ။) (၁)လောဘ-၅၀၀၊ ဒေါသ-၅၀၀ မောဟ-၅၀၀ ခေါင်းဆောင်နှင့် ငယ်သား ကိလေသာ (၁၅၀၀)ဖြစ်ပုံကိုပြသည်။ ငါတို့ကိုသတ်ဖြတ်ကြပါ။ ငါတို့ဟာ သင်တို့၏ ရန်သူတွေဘဲ။ ငါတို့ကိုမသတ်လျှင် အပါယ်

လေးပါး၌ ပြစ်ချ၍ထားမည်။ ငါတို့ဟာ ရောဂါတွေဘဲဟု အမြဲတမ်းပြ၍ နေတော့သည်။ လူများက တွေ့ပါလျှက်နှင့် မရိပ်စားမိကြပါ။(၂)ပူပူ–ဧေ၊ ရွရွစသော ဓါတ်များကလဲ ခန္ဓာထဲမှ ပေါ်ပေါ်ပြသည်။ ငါတို့ဟာ ဆေးဝါးတွေပါဘဲ။ဓါတ်ဆေးဖြင့် ကိလေသာ (၁၅၀၀)ရောဂါကို ကုသ၍ ပြစ်ကြပါဟု ဆိုလိုပါတယ်။ (ငါးကျင်းဆီနှင့်ငါးကျင်းသားကို ချက်ကြ ကျော်ကြ)ပါဟု။သတိပေးနေတာပါ။(အနာနဲ့ ဆေး ကိုက်အောင်ပေး ပျောက်ရေး မခက်ပါ။) လင်္ကာ ကြည့်ကြပါ။(အနာနဲ့ဆေး လွဲ၍ပေး နာရေးမသက်သာ။) လင်္ကာကိုရှောင်ကြဉ်ကြပါ။

| (၁) | (၂) | (၃) |
|---|---|---|
| လောက ဓါတ်တဲ့ | စိတ်,စေတသိက်,ရုပ် သင်္ခတဓါတ်တဲ့ | နိဗ္ဗာန် အသင်္ခတဓါတ်တဲ့ |

(၁)(၂)(၃)လောကဓါတ် လောကအားလုံး၌ဓါတ်က စိုးအုပ်နေပုံ။× စိတ်,စေတသိက်,ရုပ် ၃–မျိုးကိုလဲ သင်္ခတဓါတ်တဲ့။ ၃–မျိုးကို ဓါတ်က ဘုရင်ပြု၍နေပုံ။ နိဗ္ဗာန်ကို တောင်မှ အသင်္ခတဓါတ်တဲ့။ ဓါတ်ကပင် နိဗ္ဗာန်ကို သခင် လုပ်နေပုံကြည့်ပါ။ သတိရကြပါ။ ဓါတ်ကိုရှုလျှင် လောက ၃–မျိုးပြာကျမည်။သင်္ခတဓါတ်ပြာကျမည်။ ဓါတ်ကိုရှုလျှင် (သုညာ)မို့ ဆိတ်သုဉ်း၍ နိဗ္ဗာန်ရော ပရိနိဗ္ဗာန် ရောရမည် တဲ့ဗျ။




ဤပုံစံကား သမုဒ္ဒရာကြီးထဲသို့ (၁)ဂင်္ဂါ။ (၂)ယမုနာ။(၃)အစိရဝတီ။ (၄)မဟီ။ (၅)သရဘူ ဆိုတဲ့ မြစ်ကြီးငါးသွယ်ကရော။ ရောဂတီ။သလ္လာဂတီ စသော မြစ်ငယ်ငါးရာကရော။ လေးမျိုးဖြင့် အခွန်ပဏ္ဏာ ဆက်သရပုံကိုသိကြပါ။ (၁) မြစ်ကြီး ငါးသွယ်က မြစ်ငယ်ငါးရာက ရေတွေဟာ သမုဒ္ဒရာထဲသို့ အမြဲစီးဝင်နေရတယ်။ ဘုရားဟောသမျှ တရားတွေဟာ ဓါတ်သမုဒ္ဒရာထဲသို့ အမြဲစီးဝင်နေရတယ်။(၂)ရင်းရေတွေဟာသူ့ မြစ်ထဲမှာ စီးနေတုန်းက ဂင်္ဂါရေဘဲ။ယမုနာရေဘဲ စသည်ဖြင့် နာမည်ရှိပေမဲ့ သမုဒ္ဒရာထဲရောက်တော့ ပထမ နာမည်တွေ ပျောက်၍ သမုဒ္ဒရာရေဟုပြောင်းပေးရတယ်။အဲဒီ ဥပမာလိုဘဲဘုရားဟောသမျှ တရားတွေဟာ သူ့ နေရာ၌ ဝိနည်းဘဲ၊သုတ္တန်ဘဲ၊ အဘိဓမ္မာဘဲ၊ ဒါနဘဲ၊ သီလဘဲ၊ သမထဘဲဟု သုံးစွဲနေပေမဲ့ ဝိပဿနာ ဓါတ်သမုဒ္ဒရာထဲရောက်တော့(အားလုံးဟာဓါတ်တရားဘဲ) ဟု။ကောဓမ္မော၊ကောယနော၊ ကေဂ္ဂတာ၊ အတ္ထတောကော် ဟု။ ပါဠိလေးပုဒ်အရ ဖြစ်ရတော့သည်။ (၃)ရင်းရေတွေဟာ ဂင်္ဂါယမုနာထဲ၌ စီးနေတုန်းက ရေချိုမျှသာ ဖြစ်ကြရပေမဲ့ သမုဒ္ဒရာထဲရောက်လာတော့ (ရေချိုမှ) ပြောင်းရွေ့ပြီး(ရေငံ)တွေနှင့်ဆုံးရသည်။ ဘုရားဟောသမျှတရားတွေဟာ ဒါနချို၊ သီလဆိမ့်၊ သမထအီ၊ အရသာနဲ့ နေကြပေမဲ့ ဓါတ် ဝိပဿနာရောက်တော့ (ဓါတ်အရသာသည၊ အနတ္တ

အရသာ)တခုထဲ၌ဆုံးနေရသည်။ (၄)ဂင်္ဂါယမုနာ၊ရေဝတီ စသော မြစ်ရေထဲ၌ ယူဇနာ-ငါးရာ၊ ခြောက်ရာ၊ ခုနစ်ရာ ရှစ်ရာ။ကိုးရာ။တထောင် ရှိကြ။တိမိငါးမျိုး၊တိမိင်္ဂလငါးမျိုး မဟာတိမိငါးမျိုး။ တိမိနန္ဒာငါးမျိုး။ အဇ္ဈာရောဟငါးမျိုး တို့မနေသာ မနေနိုင် ရေတိမ်လို့ ရေနဲလို့ပါ။ သမုဒ္ဒရာထဲ ရောက်မှပင် ၎င်းငါးကြီးတွေ နေခွင့်-ပျော်ခွင့် ရကြသည်။ ဒါန၊သီလ၊သမထ၊ဝိနည်း၊သုတ္တန်စသောဘုရားဟောတရား များ၌ (သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ) စသော ငါးကြီးတွေမနေနိုင်ကြပါ။မပျော်နိုင်ကြပါ။ ရေနဲလို့ ရေတိမ်လို့ပါ။ ဝိပဿနာဓါတ်ထဲရောက်မှ အရိယာကြီးများ နေနိုင်-ပျော်နိုင်ကြသည်။ [အားလုံးတရားများဟာ ဓါတ်တရား၌ ၄-ဌာနဖြင့် ဦးတိုက်ကြရပုံ ဥပမာ-ဥပမေယျ ၄-ဌာနပြသည်။]

ဣဒ္ဓိဝ ဣဒ္ဓိမတ္တာနံ
ဓါတုတ္တောယံ ပကာသိတော
နာနာအတ္တေသုဝတ္တန္တိ
အနေကတ္တာဟိဓါတဝေါ

ဗာလပ္ပဗောဓနေသဒ္ဒါငယ် ပါဠိမှ (အနက်ကား) ဣဒ္ဓိမန္တာန်၊ ဈာန် အဘိညာဉ်ရ တန်ခိုး တေ ဇော် အာနုဘော်ရှိကြသော။ တန်ခိုးတော် အရှင်ကြီးတို့၏။ ဣဒ္ဓိဝ၊ တန်ခိုးတေဇော် အာနုဘော်တွေကဲ့သို့။ အယံဓါတုတ္တော၊ ဤဓါတ်၏။အနက်သဘာဝတွေကို။ပကာသိတော၊ တခုထဲမှ အသင်္ချေမက ထုတ်၍ပြရာ၏။ ဓါတဝေါ၊ ဓါတ်သဘော တရားတို့သည်။နာနာအတ္တေသု၊အမျိုးမျိုးသောအနက်တို့၌

ဝတ္တန္တို၊ဖြစ်ကြကုန်၏။ဟိ၊မူမှန်ကား။ ဓါတဝေါ၊ဓါတ်တရား တို့သည်။အနေကတ္တာ၊အသခေျ်မက အနန္တမကသဘဲ များပြား လှသော အနက်သဘာဝ၊ ရှိ၍နေကြကုန်၏။(ဓါတ်ကဘုရင် လုပ်နေပုံတည်း။)

သေိ၊ပူသိစသည်ဖြင့် ခန္ဓာထဲက ပေါ်ပေါ်ပြပြနေသော (ဓါတ်တရားကို)လူ့မျက်စိ၊နတ်မျက်စိ၊ ဗြဟ္မာ့မျက်စိတွေနဲ့ လဲ မမြင်ရပါ။မမြင်အပ်ပါ။×လူ့နား၊ နတ်နား၊ဗြဟ္မာ့နား တွေနဲ့လဲမကြားအပ်ပါ။ မကြားရပါ။×လူ့နှာခေါင်း၊နတ် နှာခေါင်း၊ဗြဟ္မာ့နှာခေါင်းဖြင့်အနံ့မရကြပါ။× လူ့လျှာ နတ်လျှာဗြဟ္မာ့လျှာဖြင့်အရသါမတွေ့ကြရပါ။လူ့လက်၊နတ် လက်၊ ဗြဟ္မာ့လက်ကာယဖြင့်မတွေ့မထိကြရပါ။ လူ့မနော နတ်မနော၊ဗြဟ္မာ့မနောဖြင့် မသိအပ်ပါ။၎င်းပြင် [ ဝိညာဉ် သိဖြင့်၊ သညာသိဖြင့်၊ ဒိဋ္ဌိသိဖြင့်၊ ဝိတက်သိဖြင့်၊ သုတမယ အသိဖြင့် စိန္တာမယအသိဖြင့် မသိနိုင်ကြပါ။ ] (ရှိန်းဆယာ ပိုမောက် ကိုပ်ပျောက်တဲ့ယောကျ်ား။)အစစ် ဖြစ်သကဲ့သို့ တည်း။[ တနည်း သေိ ပူသိ ပရမတ် ရုပ်နာမ်ကို သမထ–၄၀ ဝိဇ္ဇာရ၊အဘိညာဉ်ရ၊သမာပတ်ရ၊စျာန်ကိုးစျာန်ရ၊မြေလျှိုး ရ၊မိုးပျံရ၊တန်ခိုးစျာန်ရ၊ရှေးကမ္ဘာ–၄၀ မြင်ရ၊နောက်ကမ္ဘာ လေးဆယ်မြင်ရ၊ ကမ္ဘာပေါင်း(၈၄၀၀၀)ကြာကြာကြီးနေ ရသော ဗြဟ္မာကြီးတွေ၊ အာဠာရရသေ့ကြီးတွေ၊ ဥဒက ရသေ့ကြီးတွေ၊ ဒေဝိလရသေ့ကြီးတွေတောင်မှ မသိရ မမြင်ရ မမြင်နိုင်သော ပရမတ်တရားတွေပါ။ ] ၎င်းပြင်

စရဏ ၁၅-ပါး၊ စရဏ ၃၅-ပါးသော တရားတွေနှင့် မမြင် အပ်ပါ။ မမြင်ရပါ။

စရဏတရားတဆဲ့ငါးပါးဆိုတါ(၁)သီလသမွဒါ။(၂) ဣန္ဒြိယာဂုတ္တဒွါရတာ။(၃)ဘောဇနေမတ္တညုတာ။ (၄)ဇာဂရိ ယာနုဒယောဂါ။(၅)သဒ္ဓါ။(၆)သတိ။(၇)ဩတ္တပ္ပ။(၈)ဟီရိ (၉)သုတ။ (၁၀)ဝီရိယ။ (၁၁)ပညာ။ (၁၂)ပထမစျာန်။ (၁၃)ဒုတိယစျာန်။(၁၄)တတိယစျာန်။ (၁၅)စတုတ္ထစျာန် ယခုပြသော စရဏ တဆဲ့ငါးပါးနဲ့လဲ သေ၊ ပူသိ စသော ပရမတ္ထ သဘာဝ ရုပ်နာမ်တို့ကို မမြင်အပ်ပါ။ မမြင်ရပါ။ (၃၁)ဘုံမှာ ရှိရှိသမျှသော လောကီပညာ သိပ္ပဖြင့် မမြင် အပ်ပါ၊ မမြင်ရပါ။ ဤမျှဘန်ခိုးကြီးလှ၏။

စရဏ ၃၅-ပါးဆိုတာ (ဒါန၊ သီလ၊ သမထ သုစရိုက် ပုညကြိယာ၊ ရသေ့ပြု၊ ရှင်ပြု၊ ရဟန်းပြု၊ ဓူတင်ဆောင်၊ ပိဏ္ဍကတ်သတ်၊ စာပေပို့ချ၊ ပါရမီ၊ စရိယာ၊ စွန့်ခြင်းကြီး၊ ဝိဇ္ဇာ၊ အဘိညာဉ်၊ သမာပတ်၊ ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်၊ ပဉ္စမစျာန်၊ အာကာသာနဉ္စာ ယတနစျာန်၊ ဝိညာနဉ္စာယတနစျာန်၊ အာကိဉ္စညာယတန စျာန်၊နေဝသညာ နာသညာယတနစျာန်၊ မေတ္တာ၊ ကရုဏာ မုဒိတာ၊ဥပေက္ခာ၊ ၇-သင်္ချေကျင့်၊ ၈-သင်္ချေကျင့်၊၄-သင်္ချေ ကျင့်၊ကမ္မာတသိန်းကျင့်၊ဗျာဒိတ်ရခြင်း။(၃၅-ပါးတည်း။) ၎င်းစရဏ (၃၅-ပါးဖြင့်)ပရမတ်ကို မမြင်အပ်ပါပေ။

ဓါတ်တရားဟာ တခုထဲနဲ့အသခေ်ျမက အနန္တမက ဖြစ်စေနိုင်သည်။(၁)ဥပမာ ထမင်းစားတထပ်ထဲပါ၊ တမျိုးထဲပါ။၎င်းထမင်းကကျေးဇူးပြုနေတာမှာ ဆံပင်ပေါင်း ၃-ကုဋေ ၆-သန်း၊ မွေးညှင်းပေါင်း ၉-သန်း၊ ၉-သိန်း အကြောပေါင်း(၇၀၀၀) အရိုးပေါင်း သုံးရာနှင့်တက္ကသော ၃၂-ကောဋ္ဌာသ။၎၂-ကောဋ္ဌာသ၊ ၆၆-ကောဋ္ဌာသ၊ ၉၆-ကောဋ္ဌာသ၊စိတ် ၁၂၁-ပါး၊စေတသိက် ၅၂-ပါး ရုပ် ၂၈-ပါးကို ထမင်းက ၇-ရက်လုံးဖြစ်စေပါသည်။(၂)ဇနက္ကဖုဿရထား တခုထဲနှင့် ဘုရင်နှင့်ဆိုင်ရာတွေ အားလုံးကိုရသည်။ (၃)လူတဦးထဲပြောပြရုံနှင့်လူမှာရှိတါတွေကုဋေကုဋ္ဌာမကရသည်။ (၄)ဝိသာခါ ဓါတ်တလုံးကြောင့် ၇-ဘဝနှင့် လောကီရေး လောကုတ်ရေး အစုံရသည်။ပုံစံပြပြပြီး တခုမှအများရပုံကို ချွဲချွဲပြကြပါလေ။

ရဟန်း-သံဃာတော်များ၏ ဝတ္တရား ခြောက်ပါးထဲက ၂-ဆင့်ကိုကြည့်ကြပါဦး။

| | |
|---|---|
| **မကောင်းမြစ်တား**....သက္ကာယဒိဋ္ဌိတလုံးပြာချဘို့<br>ကောင်းရာကိုလှစ်.... ဓါတ်ဆေးကျွေး ပျောက် | အနာ<br>ဆေး။ |

မကောင်းမြစ်တားကို ပဓါနရှာတော့ (ဒိဋ္ဌိ) တလုံးကို ခွါပေးဘို့တည်း။ ကောင်းရာကိုလှစ်၌ ပဓါန ရှာ တော့ (ဓါတ်လုံး)တည်း။ (ရောဂါနဲ့ဆေးဝါး)နဲ့ တွဲပြတာပါ။ (အနာနဲ့ဆေး ကိုက်အောင်ပေး ပျောက်ရေးမခက်ပါ။)×

အနာနဲ့ဆေး လွဲ၍ပေး နာရေး မသက်သာ။ (လင်္ကာ) အတိုင်း ပညာဉာဏ်ရှိရှိနဲ့ ကျင့်ကြံကြပါတော့။

| ဒိဋ္ဌိတလုံးကိုခါတ်နဲ့သတ်ပါ |
| ဒါမှလိုရင်းပါ၊အရိယာအလုပ်ပါ |

| လောဘ | ဒေါ | မော |
| --- | --- | --- |
| ၅၀၀ | ၅၀၀ | ၅,၀၀ |
| စုစု ၁၅၀၀-နောက်မှ | | |

မြတ်စွာဘုရားကတော့ ဘုရားဖြစ်ကတဲက ဒိဋ္ဌိတလုံးပြောချပြစ်ဘို့ ဧကော ဓမ္မော၊ ဧကာယနော၊ ဧကဂ္ဂတာ၊ အတ္ထတောဧကော် ပါဠိလေးပုဒ်ဖြင့် သတိပေးပေးနေပါတယ်။ နိုင်ငံက လူတွေများဟာ ဝိပဿနာ နားထုတ်တယ်ဆိုရင်ဘဲ။ အားထုတ်၍ နေကြသော ယောဂီတို့၌။ လောဘ၊ ဒေါသ၊ မောဟ ၁၅၀၀-ကိုသာ ကြည့်ပြီး အပြစ်ပြောနေကြတော့သည်။ [လောဘ၊ ဒေါသ၊မောဟ ၁၅၀၀-ကိလေသာတို့ကို ပုထုဇဉ်ကိုမဆိုထားဘိ။သောတာပန်၊သကဒါဂါမ်၊အနာဂါမ်တွေတောင်မှ အားလုံးမခွါနိုင်ကြပါ။ယောဂီမှာလဲမနိုင်ဘူးပေါ့။

ဗြဟ္မာများ၏ ဝါဒမှာ (ကာမရာဂံပဟာနာယ) ကာမရာဂကိုပယ်ဘို့သာ အားစိုက်ကြ၏။ ဗုဒ္ဓများ၏ ဝါဒမှာ (သက္ကာယဒိဋ္ဌိ ပဟာနာယ။) ဒိဋ္ဌိခွါဘို့သာ အားစိုက်ကြသည်၊ ယခုနိုင်ငံသားတွေကာ ဗုဒ္ဓဝါဒကိုမယူဘဲ။ ဗြဟ္မာ့ဝါဒကိုသာ လိုက်နာနေကြ၍ သတိပေးတာပါဘဲ။

နှစ် ၅၀၀၀-စေ့ လျှင်သာသနာကွယ်မည်။အဲဒါပုထုဇဉ်တွေ၏အဘို့ပါ။ ။ခါတ်ရှုတဲ့ ဝိပဿနာ အရိယာတွေမှာ

တော့ ဘယ်တော့မှ သာသနာမကွယ်တော့(သာသနေမူလံ ဩတိဏ္ဏံ နာမဟောတိ။)ဝိဘင်းပါဠိကြည့်ကြပါ။ ဝိပဿနာ ဓါတုမဟာရာဇ်နတ်ဟာ အနှစ်ပေါင်း ၉-သန်းနေရမည်။ သာသနာမကွယ်ပုံ။X တာဝတိံသာ နတ်သားယောဂီဟာ ၃-ကုဋေ ၆-သန်းနေရမည်။ မကွယ်ပါ။ ယာမာနတ်သား သည်။ ၁၄-ကုဋေ ၄-သန်းမကွယ်ပါ။ တုသိတာနတ်ဟာ ၅၇-ကုဋေ၊ ၆-သန်းမကွယ်ပါ။ နိမ္မာနရတိနတ်ဟာ ၂၃၀-ကုဋေ၊၄-သန်းမကွယ်ပါ။ ဝသဝတ္တီနတ်ယောဂီဟာ ၉၂၁-ကုဋေ၊၆-သန်း သာသနာမကွယ်ပါ။အောက်ဆုံးဗြဟ္မာဟာ အန္တရကပ် ၂၃-ကပ်မကွယ်ပါ။ အထက်ဆုံး ဗြဟ္မာကြီးဟာ ကမ္ဘာ(၈၄၀၀၀) သာသနာ မကွယ်ပါ။ယနေ့ကစ၍ နိဗ္ဗာန် အထိ ဝိပဿနာကြောင့် သာသနာတော်ကြီး မကွယ်တော့ ပါ။အားရစရာပါဘဲ။


| ကံ၊စိတ်၊ဥတု၊အာဟာရ | ပါရမီပြု |
|---|---|
| သင်္ခါရ ရုပ်နာမ် | ဝိသင်္ခါရ ရုပ်နာမ်တမျိုး |

ပထမဦး ငယ်ထိပ်ထားရှုတာ၊ နှာသီးဖျားထား၍ ရှုတာ ရင်ဝ၌ထား၍ရှုတာ။ကံစိတ်ဥတုအာဟာရကြောင့်ဖြစ်သော သင်္ခါရရုပ်နာမ်ပါဘဲ။ ၎င်းမှရင့်သဖြင့် ဌာနပြောင်း ဗီထိ ပြောင်း၊ ဇောပြောင်း၊ မနောပြောင်းပြီး။ ခြေဖျား၊ လက် ဖျားစသည်၌ ဓါတ်ပေါ်ပြတာ ပါရမီ၊ဝိသင်္ခါရကြောင့်ပါ ကာမဇောမှ အပ္ပနာဇောသို့ ပြောင်းသွားပါပြီ။ [ဗီထိ ၆-ပါး၊ဝိညာဉ် ၆-ပါး။သညာ ၆-ပါး၊ဖဿ ၆-ပါး၊တဏှာ

၆-ပါး၊ဝတ္ထု ၆-ပါး၊ အာရုံ ၆-ပါး ပြောင်းရွှေ့၍ သွားပါပြီ။ကျွတ်စ၊ လွတ်စရပါပြီ။

| | | |
|---|---|---|
| စာတလုံး | သိက္ခာပုဒ်တခု | ဓါတ်တလုံး |
| ဘုရားတဆူ | ဘုရားတထောင် | ဘုရားအသင်္ချေ |
| ပရိယတ် | ပဋိပတ် | ပဋိဝေဓ |

(အက္ခရံကောမေကဥ္စ။) ဂါထာအရ။ စာအက္ခရာ တလုံးလျှင် ဘုရားတဆူကြွနှင့် ကုသိုလ်ရနေပါပြီ။ပရိယတ္တိသာသနာအကျိုးပါ။ (သဟဿမပိဋကေ။) ဂါထာအရ။ သိက္ခာပုဒ်တခုထိမ်းလျှင်။ ဘုရားတထောင် အကျိုးကိုရပါပြီ။ ဒါကတော့ ပဋိပတ္တိသာသနာ၏ အကျိုးပါ။ (ဗုဒ္ဓ ဂမ္ဘာ အသင်္ချေယျာ။)ဂါထာအရ။ဓါတ်တလုံးဟာ ဘုရားပေါင်း အသင်္ချေအကျိုးပါဘဲ၊အဲဒါကား ပဋိဝေဓသာသနာ၏အကျိုးပါဘဲ။ ဘယ်လောက် ကွာခြား၍နေပြီလဲ အရယူကြပါ။



ဉာဏ်ပုံစံ၊ ဉာဏ်သဏ္ဍာန်၊ ဉာဏ်အထယ်၊ ဉာဏ်ဒြပ်ကိုမြင်တော့ (၁)ဝိညာဉ်သိ၊စိတ္တဝိပ္ပလ္လာသ ၄-ပါး။(၂)သညာသိ သညာဝိပ္ပလ္လာသ ၄-ပါး။ (၃)ဒိဋ္ဌိသိဒိဋ္ဌိဝိပ္ပလ္လာသ ၄-ပါး။ (၄)ဝိတက်သိ အာရုံတွေများပြားခြင်း။ မိစ္ဆာအကြံများ။ (၅)သုတမယသိ အကြား အမြင်သိ ပညတ် ကိလေသာ၏ အာရုံပင်တည်း။ (၆)စိန္တာမယသိ၊ ကြံစီသိ၊ သမာဓိပျက်မျှသာရှိသည်။ (လိုင်းပြောင်း၍) ငယ်ထိပ်၌ သတိထားလျှင် ပါရမီအတိုင်း၊ အေးသိ-ပူသိ၊ ကျင်သိ စသည်ဖြင့် [ပညာသိ၊ ဉာဏ်သိ၊ ဝိဇ္ဇာသိ၊ စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ပညာဥဒ

ပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကော ဥဒပါဒိ။] ပေါ်၍ စိတ် ၁၂၁-ပါး၊ စေတသိက် ၅၂-ပါး၊ ရုပ် ၂၈-ပါး၊ နိဗ္ဗာန် ၂-ပါး၊ နိဗ္ဗာန်အသင်္ချေပေါင်း တထောင် ကျော်တို့ဟာ တစက္ကန့်ကုဋေတသိန်းစီနှင့် ဝင်လာမည်။

ဓါတ်ရှု ဒိဋ္ဌိကွာပြီး အကုသိုလ်အားလုံးတို့ ပြာကျကုန်မည်။ (၀၀၊ ၀၀၀၀၀၀၀၀၀၀၀) တဘဝက၊ ဆယ်ဘဝက၊ တကမ္ဘာ၊ ဆယ်ကမ္ဘာ၊ ကမ္ဘာတရာ၊ ကမ္ဘာတထောင်၊ကမ္ဘာ တသောင်း၊ ကမ္ဘာတသိန်း၊ ကမ္ဘာတသန်း၊ ကမ္ဘာတကုဋေ ကမ္ဘာအသင်္ချေ သံသရာအစက ပြုခဲ့မိသော အကုသိုလ်ကံ များ၊ ကိလေသာ (၁၅၀၀)တို့ဟာ သက္ကာယဒိဋ္ဌိမရှိသဖြင့် သူ့အလိုလို ဆွေးမြေ့ပျက်စီး ပြုံးတီးကြမည်။ [အပါယ ဂါမိက ကမ္မာနိနာမ၊ သက္ကာယဒိဋ္ဌိယာ၊ သတိယေဝ၊ ပစ္စန္တိ သက္ကာယဒိဋ္ဌိယာ၊ အသတိနောဝိပစ္စန္တိ။] ဋီကာကြီးငယ်မှ။ (အနက်ကား) အပါယဂါမိက ကမ္မာနိနာမ၊ အပါယ်သို့ ပြစ်ချတတ်ကုန်သော ကံတို့မည်သည်ကား။သက္ကာယဒိဋ္ဌိယာ သက္ကာယဒိဋ္ဌိသည်။ သတိယေဝ၊ ရှိနေမှသာလျှင်။ ဝိပစ္စန္တိ၊ အကျိုးပေးနိုင်ကုန်၏။သက္ကာယဒိဋ္ဌိယာ၊ သက္ကာယဒိဋ္ဌိသည်။ အသတိ၊ မရှိခဲ့သော်။ တာနိ၊ ထိုအကုသိုလ် ကံတို့သည်။ နောဝိပစ္စန္တိ၊ အကျိုးမပေးနိုင်ကြပါကုန်။ သက္ကာယဒိဋ္ဌိရှိမှ အကုသိုလ်ကံများ၊ ကိလေသာများဟာ အကျိုးပေးနိုင်ကြ သည်။ဒိဋ္ဌိကိုခွါ၍ထားသော် ဘယ်အကုသိုလ်ကံများ။ ဘယ် ကိလေသာတို့မှ အကျိုးမပေးနိုင်ကြတော့ပါ။

အကုသိုလ်များ ကိလေသာများကို ဓါတ် ဝိပဿနာနဲ့ ပြာချ၍ထားကြပါတဲ့။ [စျာယေထ ဘိက္ခဝေ ကိလေသေ၊ ဝိပဿနာအဂ္ဂိနာ။]စျာနသံယုတ်ပါဠိတော်မှ(အနက်ကား) ဘိက္ခဝေ၊ ချစ်သားတို့ ကိလေသ၊ အကုသိုလ် ကိလေသာတို့ကို။ ဝိပဿနာအဂ္ဂိနာ၊ ဝိပဿနာဓါတ်မီးဖြင့်။ စျာယေထ၊ မီးရှို့ကြပါကုန်လော့။ (ဓါတ်ဝိပဿနာဖြင့် ကိလေသာမီးရှို့ထားကြ။)

(၁) ကမ္ဘာကြီးလောက် အကုပျောက် မရောက် အပါယ်ရွာ။(၂) အကုသိုလ်တိုက် မီးဝင်မြိုက် ရှုခိုက်ဝိပဿနာ (၃)အကုသိုလ်အနန္တ ဝိပဿ်မှ ပြာချနိုင်သည်သာ။

[ဣဒံကမ္မံ၊ ကမ္မက္ခယာယ သံဝတ္တတိ။]စတုကအင်္ဂုတ္တိုရ်ပါဠိတော်။(အနက်ကား)ဣဒံကမ္မံ၊ဤဓါတ်ရှုတဲ့ ဝိပဿနာကံသည်။ကမ္မက္ခယာယ၊အကုသိုလ်ကံများ။ ကာမကုသိုလ်ကံများ။ရူပကုသိုလ်ကံများ။ အရူပကုသိုလ်ကံများ၏ ကုန်ခမ်းချုပ်ငြိမ်းစေခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်၏။(ဝိပဿနာရှုလျှင်) (၃၁)ဘုံက အကုသိုလ်ရော၊ ကုသိုလ်ရော၊ ကုန်ခမ်းရတော့မည်။

[နိယျာတိ၊ တက္ကရဿ။] ဆက္ကအင်္ဂုတ္တိုရ် ပါဠိတော်မှ။ (အနက်ကား)တက္ကရဿ၊ထိုဝိပဿနာကံကိုပြုသော ယောဂီအား။နိယျာတိ၊ ၃၁-ဘုံမှထုတ်ယူ၍ လောကုတ္တရာ၌ပို့ထားပါအံ့။ (ဝိပဿနာအားထုတ်မှ) ဝိပဿနာက ၃၁-ဘုံက ထုတ်ယူ၍ မဂ်ဖိုလ်၌ တင်ထားမည်တဲ့။

ဓါတ်မှာကပ်တဲ့ အနတ္တသာ ချိန်ခါမအား ရှုပွါးလေပါ ငါတို့ဘုရား ချစ်သားကိုမှာ ဓါတ်ရှုက မုချနိဗ္ဗူတာ။(ပထဝီ ဓါတုံခေါရာဟုလ၊ အနိစ္စတော၊ ပထဝီဓါတုံခေါ ရာဟုလ ဒုက္ခတော၊ပထဝီဓါတုံခေါရာဟုလ အနတ္တတော။× သီတေ နာပိရုပ္ပတိ၊ဥဏှေနာပိရုပ္ပတိ။]ခန္ဓဂင်္ဂသံယုတ်ကို ထောက်၍ ဓါတ်ထဲမှ အနိစ္စ၊ ဒုက္ခ၊ အနတ္တသာ နိဗ္ဗာန်သို့ ပို့တာပါ။ ဓါတ် အနိစ္စ၊ ဒုက္ခ၊ အနတ္တမဟုတ်လျှင်(၃၁)ဘုံထဲမှာဘဲနေရ ဦးမည်။

[အနတ္တမှ ဗုဒ္ဓသာသနာ သာသနာပ မလုပ်ကြရာ အ ကယ်၍ကား လုပ်ငြားမိရှာ ဒေဝီလ ကြည့်ကြ ဤပမာ။] ဂါထာအရ။(အနတ္တလက္ခဏံ ဝိနာဗုဒ္ဓုပ္ပါဒေ ါ၊ နပညာယန္တိ၊ ဗုဒ္ဓုပ္ပါဒေယေဝပညာယတိ။) ဝိဘင်းအဋ္ဌကထာ။ (အနက် ကား) အနတ္တလက္ခဏံ၊ ဓါတ်တရားထဲမှ အနတ္တလက္ခဏာ သည်။ဗုဒ္ဓုပ္ပါဒေ ါ၊သာသနာတွင်းကို။ဝိနာ၊ ကြဉ်၍။ နပညာ ယန္တိ၊ မထင်ရှားကြပါကုန်။ ဗုဒ္ဓုပ္ပါဒေယေဝေ၊ သာသနာ တွင်း၌သာလျှင်။ပညာယတိ၊ထင်ရှားရ၏။

ဓါတ်ကြီးလေးဝ ဗုဒ္ဓအမွေတော် တိုင်းသူပြည်သား ရငြားစေမျှော် နယ်ကိုလှည့်၍ တဲ့စာဲ့ဟောဖေါ် စိတ်တိုင်း ကြရကြပါစေသော်။ (အမိပွါယ်ထင်ရှား၍ မခွဲပြီ။)

ဓါတ်လေးရပ်၊ လက်မှတ်အသချေ၊ နိဗ္ဗာန်ပြည်သွား၊ ရထားမငွေ၊ မင်္ဂဖိုလ်မြတ်နန်း တက်လှမ်းဝေဏော၊ ဒုက္ခတုံး လုံးလုံး နိဗ္ဗာန်ပြေ။ (လွယ်ပြီ။)

မြေ့,ရေ့,လေ့,မီး၊ ဓါတ်ကြီးလေးထွေ တလောကလုံး အုပ်ဖုံးကာနေ ပရမတ်အစစ် ဓါတ်နှစ်ရှာဖွေ နာမ်ရုပ်များ ထင်ရှားပေါ်လာပေ။(လွယ်ပြီ။)

နိဗ္ဗာန်ကြွသွား ဘုရားမြတ်စွာ ကိုယ်တော်အစားထား ခဲ့ပေရှာ။ပရမတ်အစစ် ဓါတ်နှစ်ကိုရှာ။ အဲဒါမှ မုချဒိဗ္ဗဒ္ဒါ။ (လွယ်ပြီ။)(၃၁-ဘုံမှာ) ဘုရားကဘာဘဲဟောဟော (စိတ် ၁၂၁-ပါး၊ စေတသိက်၅၂-ပါး၊ ရုပ် ၂၈-ပါး၊ နိဗ္ဗာန် အသင်္ခတထောင် ၄-မျိုးဘဲ။ အနှစ်ကို ရရှိသည်။ (စိတ်, စေတသိက်,ရုပ်,နိဗ္ဗာန်ကို) အဆီညှစ်အနှစ်ရှာတော့ (စိတ်, စေတသိက်,ရုပ်က)သင်္ခတဓါတ်ပါဘဲ။ နိဗ္ဗာန်က အသင်္ခတ ဓါတ်ပါဘဲ။(ဓါတ် ၂-မျိုးနှင့်ဓါတ်ဆိုတဲ့ ကောဓမ္မောဘဲ) ရသည်။(ဒွေဓါတုယော သင်္ခတဓါတုစ အသင်္ခတဓါတုစ။) ဒုကအင်္ဂုတ္တိုရ်ပါဠိတော်ကို ထောက်ထားပါလေ။

တနည်း။ စိတ်,စေတသိက်,ရုပ်, ၃-စုက(သင်္ခတာဓမ္မာ) ပါဘဲ နိဗ္ဗာန်က (အသင်္ခတာဓမ္မာ)ပါဘဲ။(သင်္ခတာဓမ္မာ) (အသင်္ခတာဓမ္မာ)ဟူသော ဓမ္မသင်္ဂဏီ ဒုကမာတိကာ ပါဠိ တော်ကိုထောက်ထားကြပါ။ (၉၊ ၉၊ ၉၊ ၉)အေးလေးလုံး ပြသည်။ ။ကောဓမ္မော၊ ကောယနော၊ကောဂ္ဂတာ၊အတ္တ တောကေ။ ပါဘဲ။

| | | | | |
|---|---|---|---|---|
| နတ်ပြည် | နိဗ္ဗာန် | နိဗ္ဗာန် | နိဗ္ဗာန် | ဝတ္တရားပြည့်စုံ |
| မိဘ၊ဘိုးဘွား | လောဘ | ဒေါသ | မောဟ | နိဗ္ဗာန်ရမည်။ |
| အပါယ် | အပါယ် | အပါယ် | အပါယ် | ဝတ္တရား မပြည့် |

လျှင် အပါယ်သို့ကျရမည်။ ။ဥပမာ၊မိဘ-ဘိုးဘွားကို ရိုရို သေသေ ဝတ္တရားပြုလျှင် နတ်ပြည်သို့ရောက်မည်။ ရိုရို-သေ သေ၊ မမွေးမမြူဘဲ နေလျှင် ဝတ္တရားပျက်ကွက်၍ အပါယ် လေးဘုံ၌ ခံစားကြရမည်။ မိဘက ဘိုးဘွားက နတ်ပြည်သို့ ပို့တာမဟုတ်။ အပါယ်သို့ချတာ မဟုတ်တော့ပါ။ ဝတ္တရား ပြည့်စုံခြင်းက နတ်ပြည်သို့ပို့တာပါ။ ဝတ္တရားပျက်ကွက်ခြင်း ကအပါယ်သို့ပို့တါပါ။(မိဘ-ဘိုးဘွားမထဲ့ပါနှင့်)ဝတ္တရား ကိုသာပြုကြပါတော့။[လောဘ၊ဒေါသ၊မောဟ]ကိုလေုပ် နှင့်သာ ဘုရားဟောပါတယ်။ လောဘ၊ ဒေါသ၊ မောဟကို မရှုနဲ့၊မရှုအပ်ဟု။ဘုရားဟောပါသည်။ (က)လောဘတရား ခန္ဓာ၌ပေါ်လျှင် မရှုမိ၍အပါယ်ကျကြရသည်။ရှုလျှင်နိဗ္ဗာန် သို့ရောက်ကြရသည်။(ခ)ဒေါသတရားခန္ဓာ၌ပေါ်လျှင် မရှု မိ၍ အပါယ်သို့ကျကြရသည်။ ရှုလျှင်နိဗ္ဗာန်သို့ ရောက်ကြရ သည်။(ဂ)မောဟတရား ခန္ဓာ၌ပေါ်လျှင် မရှုမိ၍အပါယ် သို့ကျကြရသည်။ ရှုလျှင် နိဗ္ဗာန်သို့ရောက်ကြရသည်။(၅၅၀) ဇာတ်တော် ကေါဒသနိပါတ်ပါနိယဇာတ်တော်၌။လောဘ ဒေါသရှု၍ ပစ္စေကဗုဒ္ဓါတွေ ဖြစ်ပုံကြည့်ပါ။

အလဝ်းရောက်တော့ ဆိုတာ မဂ္ဂသစ္စာနဲ့ နိရောဓသစ္စာ ၂-ပါးရ၏။....အမှောင်ပျောက်ဆိုတာ ဒုက္ခသစ္စာနဲ့သမုဒယ သစ္စာ ၂-ပါးရ၏။

{ ထမင်းရောက်.... မဂ္ဂ၊ နိရောဓ။
{ အဆာပျောက်.... ဒုက္ခ၊ သမုဒယ။

ရေရောက်.... မဂ္ဂ၊ နိရောဓ။
ရေငတ်ပျောက်.... ဒုက္ခ၊ သမုဒယ။

စောင်ရောက်.... မဂ္ဂ၊ နိရောဓ။
အချမ်းပျောက်.... ဒုက္ခ၊ သမုဒယ။

ဆေးရောက်.... မဂ္ဂ၊ နိရောဓ။
ရောဂါပျောက်.... ဒုက္ခ သမုဒယ။

ကုသိုလ်ရောက်.... မဂ္ဂ၊ နိရောဓ။
အကုသိုလ်ပျောက်.... ဒုက္ခ၊ သမုဒယ။

ဝိဇ္ဇာရောက်.... မဂ္ဂ၊ နိရောဓ။
အဝိဇ္ဇာပျောက်.... ဒုက္ခ၊ သမုဒယ။

ပရမတ်ရောက်.... မဂ္ဂ၊ နိရောဓ။
ပညတ်ပျောက်.... ဒုက္ခ၊ သမုဒယ။

လောကုတ္တရာရောက်.... မဂ္ဂ၊ နိရောဓ။
လောကီပျောက်.... ဒုက္ခ၊ သမုဒယ။

သစ္စာရောက်.... မဂ္ဂ၊ နိရောဓ။
မိစ္ဆာပျောက်.... ဒုက္ခ၊ သမုဒယ။

သမ္မာဒိဋ္ဌိရောက်.... မဂ္ဂ၊ နိရောဓ။
မိစ္ဆာဒိဋ္ဌိပျောက်.... ဒုက္ခ၊ သမုဒယ။

အမှန်ရောက်.... မဂ္ဂ၊ နိရောဓ။
အမှားပျောက်.... ဒုက္ခ၊ သမုဒယ။

ဝိဝဋ္ဋရောက်.... မဂ္ဂ၊ နိရောဓ။
ဝဋ္ဋပျောက်.... ဒုက္ခ၊ သမုဒယ။

{ အရိယာရောက်.... မဂ္ဂ၊ နိရောဓ။
{ ပုထုဇဉ်ပျောက်.... ဒုက္ခ၊ သမုဒယ။

ဓမ္မဒါယာဒ တရားတော် အမွေရမှ နိဗ္ဗာန်ပြေဋ္ဌာန ရောက်ရောတဲ့။[ ဓမ္မဒါယာဒါဘိက္ခဝေ၊ ဟောထ၊ မာအာမိသဒါယာဒါ။[ ဓမ္မဒါယာဒသုတ်တော်။ ဘိက္ခဝေ၊ချစ်သားတို့၊ ဓမ္မဒါယာဒါ၊ ပရမတ္ထတရား၏အမွေခံ ပုဂ္ဂိုလ်တို့သည်။ ဟောထ၊ဖြစ်ကြပါကုန်လော့။ အာမိသဒါယာဒါ၊ သင်္ကန်း ဆွမ်း၊ ကျောင်း၊ ဆေးပါ ပေါင်း၍ အကောင်းဟုဆိုအပ်သော။အာမိသ၊ အမွေခံပုဂ္ဂိုလ်တို့သည်။ မာဟောထ၊မဖြစ်ကြပါကုန်လင့်။

အာမိသ၊ အမွေဆိုတာ ပညတ်နယ်က လောကီနယ်က ပစ္စည်း ၄-ပါးကို သာယာစွာ ယူ၍နေကြ၊ရှာဖွေစုဆောင်း၍နေကြခြင်းကိုဆိုလိုပါသည်။

ဓမ္မအမွေဆိုတာ၊ ဓါတ်တရား၊ ကလာပ်တရား၊ ပရမတ်တရားကစပြီး ရုပ်နာမ်၂-ပါး၊လက္ခဏာရေး၃-ပါး၊ပရိညာ ၃-ပါး၊ သစ္စာလေးပါး၊ ဝိသုဒ္ဓိ ၇-ပါး၊ ဗောဓိပက္ခိယတရား ၃၇-ပါး၊ ဉာဏ်စဉ် ၁၆-ပါး၊ မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်တရားမျိုးကို ဆိုလိုသည်။ ။ဓမ္မ၊ အမွေကို ယူလျှင် ခန္ဓာမှာ သတိထား၍ သမာဓိမွေး၍ ပညာကလေး ပညာကြီး အသီးသီးနှင့် ဓါတ်ပေါ်ပုံ ၃၂-မျိုးကို အရယူခြင်း။ တရားတော်ဂုဏ် ၆-ပါးနှင့်ဓါတ်ပေါ်တာကိုယူခြင်း။ သာ

သနာ့ အံ့ဩဘွယ်ရှစ်ပါးနှင့်ဓါတ်ပေါ်တာကို အရယူခြင်း။ တဆဲ့လေးချက်ဓမ္မစက်နှင့် ၁၄-မျိုးပေါ်ပုံကို အရယူခြင်း ကစ၍ အထက်ကို မဂ်ဖိုလ်အထိရသွားမည့်တရားကိုယူခြင်း ယူမိလျှင် အရိယာလေးမျိုး။ ၈-မျိုး။ ၁၂-မျိုးရခြင်း။ သောတာပန် ၃-မျိုး။ နောက် ၃-မျိုးရခြင်း။ လောကုတ္တရာတရား အစားစားကိုရခြင်း။ မဂ်၄-ပါး။ မဂ်၈-ပါး။ ဖိုလ်၄-ပါး။ နိဗ္ဗာန်အထိရခြင်းကြောင့် ၃၅-ဌာန၊ ၆၇-ဌာန၊ ၁၀၅-ဌာန တထောင်ကျော်ဌာန။ ၁၉-ဌာန။ ၁၄-ဌာန။ ၉-ဌာန။ ၃-ဌာန၊ ၃-ဌာန၊ ၄-ဌာန၊ ၆-ဌာန၊ ၇-ဌာန စည်းစိမ်တွေ ကိုပါရပြီး။ [ ၀ိ ] ဆိုတဲ့ပုံစံအတိုင်း နာမ်သုညကြောင့် ၀၀ ဖြိုးဖြိုး ကြီးတိုး၍ အမျိုးမျိုးနှင့် အကျိုးတွေ အသင်္ချေအနန္တ မကဘဲ။ အရကြီး ရရသွားကြရတော့မည်။ စွယ်စုံသူဌေး ဧကြီးနှင့်နေကြရမည်၊

(ခ) သာသနာပချမ်းသာ။ (ခါ) ပုထုဇ္ဇနချမ်းသာ။ (ခိ) သမထချမ်းသာ။ (ခီ) ပညတ်ချမ်းသာ။ (ခု) ကိလေသာ။ စိတ်ချမ်းသာ။ (ခူ) မိစ္ဆာဉာဏ်ချမ်းသာ။ (ခေ) ဝိညာဉ်သိ ချမ်းသာ။ (ခဲ) သညာသိချမ်းသာ။ (ခေါ) ဒိဋ္ဌိသိချမ်းသာ။ (ခေါ့) ဝိတက်သိချမ်းသာ။ (ခံ) သုတမယဉာဏ်သိချမ်းသာ။ (ခါး) စိန္တာမယသိချမ်းသာ။ (ဂ) ဒေဝီလကဲ့သို့ ငိုကျွေးရ သောအဖြစ်။ စသောအားဖြင့်၊ အပြစ်၊ အနာ၊ အဆာတွေနှင့် မကင်းသေးပါ။ (၃၁) ဘုံ လောကီ၊ ပညတ်တရားတွေပါဘဲ။ ဒါ့ကြောင့် မြတ်စွာဘုရားအားလုံးတို့က ချစ်သားတို့ ဝိပဿ

နာတရားတော်မြတ်ကြီးကို အားထုတ်မည်ဆိုလျှင်(ပညတ်တို့ထပေတွာတဲ့။) သဒ္ဒပညတ် ၆-ပါး။ အတ္ထပညတ် ၉-ပါး။ ပုဂ္ဂလပညတ်အစားစား အဘါဝပညတ်အားလုံးတို့ကိုရှောင်ကြဉ်၍။(နိဗ္ဗာန်တိတပရမတ္ထဝသေန။)ပရမတ်ဆတ်ဆတ်ဇာ ရေးသဘောတရား။ ဓါတ်တရား၊ ကလာပ်တရားကိုသာ သာတိသမာဓိနှင့်ရှုပွါးကြပါဟူ၍ ဟောခဲ့ပါသည်။

စရဏ



အနာနဲ့ဆေး လွဲ၍ပေး နာရေးမသက်သာ လက်ာနှင့်ညီညွတ်သူတွေမှာ ရောဂါ၊ ဝေဒနာကိုပြုပြီးမှ ပျောက်ဆေး ကျွေးမည်။

အာ၊ ဥ၊ ဒေ၊ ပြု ယခုပြုသော ပုံစံ၌ ၁၁-ဘုံတွင် ကျော်စောထင်ရှားနေကြသော(နေ-လ)ပမာ၊ ဂုဏ်တေဇော ရှိကြသော(၁)အာဠာရ ရသေ့ကြီးတပါး၊ (၂)ဥဒက ရသေ့ကြီးတပါး။ (၃)ကာဠဒေဝိလ ရသေ့ကြီးတပါး။ ပုထုဇဉ်ဗြဟ္မာ(တဆဲ့ငါးပါး)တို့ဟာ [ (က)သမထ-၄၀။ (ခ)ဝိဇ္ဇာတရား။(ဂ)အဘိညာဉ်တရား။(ဃ)သမာပတ် ၈-ပါး။(င)စျာန်ကိုးစျာန်။ (စ)မြေလျှိုးနိုင်။ (ဆ)မိုးပျံနိုင်။(ဇ)တန်ခိုးစျာန်ရ။ (ဈ) ဗြဟ္မာတဆဲ့ငါးဖြစ်ရ။ (ည)ကမ္ဘာပေါင်း(၈၃၀၀၀)နေရ။ (ဋ)ရှေးရှေးကမ္ဘာလေးဆယ်ကိုမြင်စွမ်းနိုင်သော ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်ကြီးရ။ (ဌ)နောက်နောင် ကမ္ဘာလေးဆယ်ကိုမြင်စွမ်းနိုင်သော အနာဂတံသဉာဏ်ကြီးရ။ (ဍ) ပုထုဇ္ဇနော ဥမ္မတ္တကောရ။ (ဎ)

ပုထုဇ္ဇနေ ဘာဗလောရ။(ဏ)ပုထုဇ္ဇနေ အန္ဓောရ(တ) ပုထုဇ္ဇ နေ ဝိပ္ပလ္လာသောရ။ (ထ)စရဏ ၁၅-ပါးရ။ (ဒ) စရဏ ၁၅-ပါးရ။ (ဓ)မဟာဇာနိယောဝတဘောနှင့် ဘုရားများ ငြိုးတွားခံကြရ။ (န)ဒိဋ္ဌိဂတိကဿဟိဂါဟော ဥမ္မတ္တကပစ္ဆိ သဒိသော၊ ဥမ္မတ္တကပစ္ဆိယံဟိ၊ ပူဝ ခဏ္ဍ ဂေါမယာဒီနိဝိယ သုန္ဒရမ္ပိ၊အသုန္ဒရမ္ပိ ဟောတိယေဝ။သီလက္ခန်ဒ ဋ္ဌကထာနှင့် ညီနေခြင်း။ (ပ)အပါယ်တံခါးလဲ မပိတ်ရသေးပါ။ (ဖ) ဆင်းရဲသံသရာလဲ မဖြတ်ရသေးပါ။ (ဗ)ဘုံစဉ်လဲမစံရသေး ပါ။(ဘ)သိဒ္ဓိကြီးကိုးတန်လဲ မရသေးပါ။ (မ)၃၅-ဌာနဦ ဂတိမမြဲသေးပါ။ (ယ)၆၇-ဌာန စည်းစိမ်လဲ မရသေးပါ။ (ဂု)၁၀၅-ဌာနလဲ မရသေးပါ။ (လ) ဗျာဒိတ်တထောင် ကျော်လဲ မရသေးပါ။ (ဝ) ၁၉-ဌာနလဲ မရကြသေးပါ။ (သ)၁၄-ဌာနလဲ မရကြသေးပါ။ (ဟ)၉-ဌာနလဲ မရကြ သေးပါ။(ဠ) ၃-ဌာနလဲ မရကြသေးပါ။ (အ)နောက် ၃- ဌာနလဲမရကြသေးပါ။ (ကာ)စက်ခလေးပါးလဲ မရကြသေး ပါ။ (ကိ)စကြာရတနာ ၇-ပါးလဲ မရကြသေးပါ။ (ကီ) ဒဿဗလဿ၊ သာသနေမူလံသြတိဏ္ဏံ လဲ မရကြသေးပါ။ (ကု)လဒ္ဓဿသာလဲ မရကြသေးပါ။ (ကူ)လဒ္ဓပတိဋ္ဌ လဲမရ ကြသေးပါ။ (ကေ)နိယတဂတိကလဲ မရကြသေးပါ။ (ကဲ) စူဠသောတာပန္နောနာမလဲမရကြသေးပါ။(ကော) သာသ နာသုံးရပ်လဲမရကြသေးပါ။ (ကော်) သိက္ခာသုံးပါးလဲမရ ကြသေးပါ။(ကံ)ဓါတ်ကြောင့် သာသနာမကွယ်တာလဲမရ

ကြသေးပါ။(ကား)နဝဋ္ဋဂဗ္ဘံ အရ၊ဝဋ္ဋ ၃-ပါးပြတ်ထားကို လဲမရကြသေးပါ။



ယခု ဒုတိယပြတဲ့ အစုကား ဝိနည်းငါးကျမ်း၊သုတ်သုံးကျမ်း၊ အဘိဓမ္မာ ၇-ကျမ်း၊ ပိဋကတ် ၃-ပုံ၊ နိကာယ်ငါးရပ်၊အင်္ဂါကိုးတန်၊ ဓမ္မက္ခန္ဓာ-၈၄,၀၀၀ နှင့်တကွသောပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ အနု၊ မဓု၊ယောဇနာ ဂဏ္ဌိ၊ ဂန္ထန္တရ၊ ဝိနိစ္ဆယတို့ကို ထုံးလိုချေ ရေလို နှောက်နိုင်ကြသော ကမ္ဘာ့အကျော် အမော်ကြီးတွေ ဖြစ်ကြသော (၁) အရှင်ဝပေါဠိလ။(၂ အရှင်မဟာသီဝ။ (၃)အရှင်မဟာနာဂ (၄)အရှင်ဥပါလိ။ (၅)အရှင်သံဃရက္ခိတ။ (၆) အရှင်ဒွေးသဟာယက။(၇)အရှင်ဟေမဝတာရ။(၈)အရှင်သါတာဂီရိ (၉)မဟာကပိလ။(၁၀)မူလပရိယာယတစု။ငါးရာ။ (၁၁) အရှင်သုနက္ခတ္တ။(၁၂)အရှင်ဒေဝဒတ်။(၁၃)မိလိန္ဒမင်းကြီး (၁၄)သုက္ကာထေရီမ။ (၁၅)ပုဏ္ဏာထေရီမ။ (၁၆)အရှင်ဗုဒ္ဓရက္ခိတ။(၁၇)ဘုရားအလောင်းကိုးဘဝ။၎င်းတို့ဟာ ဝိညာဉ်သိ၊ သညာသိ၊ ဒိဋ္ဌိသိ၊ ဝိတက်သိ၊ သုတမယသိ၊ စိန္တာမယသိတို့နှင့် စူးစူး-စိုက်စိုက် ထိထိ-ခိုက်ခိုက် သိထား ကြသော်လည်း။ ပထမတစုပုဂ္ဂိုလ်တွေကဲ့သို့ နစ်နာဆုံးရှုံးခံကြရလေသည်။

## (သေ) ပရမတ္ထ ရုပ်နာမ် ၂-ပါးကို မတွေ့ကြလို့ပါ

| | | |
|---|---|---|
| ဒေါ၊ သီ၊ ထ<br>စိတ်မပြောင်း<br>ရုပ်သာပြောင်း | ဝိပဿနာ<br>စိတ်ပြောင်း<br>ရုပ်ပြောင်း | ခွေးထီး ဖန်ဆင်း<br>ပေး ရုပ်သာပြောင်း |
| ပရိယတ်<br>ဒေသနာ<br>ရုပ်သာပြောင်း | ပဋိပတ်၊ ပဋိဝေဓ<br>ဘာဝနာ၊ ပရမတ်<br>စိတ်နာမ်ပြောင်း | ခွေးမ ဖန်ဆင်းပေး<br>ရုပ်သာပြောင်း။ |

(ရုပ်-နာမ် ဘယ်ကလာသနည်း) ဟူသော အမေး၌။ (အဖြေကား) (သီတေနာပိရုပ္ပတိ) (ဥဏှေနာပိရုပ္ပတိ)ဟူသော ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်မှ။(အနက်ကား) သီတေနာပိ သီတတေဇောဓါတ်ကြောင့်လည်း။ ရုပ္ပတိ၊ ဖေါက်ပြန်သော ရုပ်တွေဖြစ်လာရ၏။X ဥဏှေနာပိ ပူဇော တေဇောဓါတ်ကြောင့်လည်း။ရုပ္ပတိ၊ဖေါက်ပြန်သောရုပ်တွေသါဖြစ်လာရ၏။ တံ၊ ထိုဖြစ်လာသမျှရုပ်ကို။ ဇာနာတိ၊သိ၏။(အေးဓါတ်၊အပူဓါတ်တို့ ဆုံတွေ့ကြသောအခါ ဖေါက်ပြန်သော ရုပ်များဖြစ်လာ၍ နာမ်ကသိသည်။ (ဒေါရုပ်နာမ်) တွေ့ရပုံတည်း။

[ဥတု၊စတုသမုဋ္ဌာနိကရူပါနံ၊ပဝတ္တိံယာစ၊ ဓိနာသဿစ ပစ္စယောဟောတိ။]ဝိသုဒ္ဓိမဂ်အဋ္ဌကထ ါပါဠိ၌(အနက်ကား) ဥတုတေဇောဓါတ်သည်။စတုသမုဋ္ဌာနိက ရူပါနံ၊ကံကြောင့်

စိတ်ကြောင့်၊ဥတုကြောင့်၊ အာဟာရကြောင့်ဖြစ်ကုန်သော ရုပ်တရားတို့၏။ ပဝတ္တိယာစ၊ ဖြစ်လာခြင်း၏လည်း။ ဝိနာသာယစ၊ပျက်စီးခြင်း၏ငှင်း။ပစ္စယော၊အကြောင်းအထောက်အပံ့သည်။ ဟောတိ၊ ဖြစ်၏။ စိတ္တံ၊ စိတ်သည်။ ဇာနာတိ၊ သိ၏။ အဲဒါရုပ်နာမ်အစ ပြု၍ဖြစ်ပေါ်လာပုံပြ၏။

ရုပ်ကအရင်ပေါ်၊ နာမ်ကနောက်မှသိ။အဲဒါငါပဿနာ တည်း။အရိယာတို့အသိတည်း။ပဋိပတ်တည်း။ဘာဝနာနည်းတည်း။ ။ပုထုဇဉ်၏ ပရိယတ် ဒေသနာတို့ကား စာသိ၊ ပေသိ၊ကျမ်းသိ၊ဂန်သိကိုအရယူပြီးမှ။ဝိညာဉ်သိ၊စိတ္တဝိပ္ပလ္လာသနဲ့အမှတ်သိ· သညာဝိပ္ပလ္လာသနှင့်၊ အယူသိ၊ ဒိဋ္ဌိဝိပ္ပလ္လာသနှင့်၊ ဝိတက်သိ ကြံစီသိ၊ တွေးတော၊ ဝေဘန်၊ စဉ်းစား၊ နှိုင်းချိန်၊ အသိနှင့် သုတမယဉာဏ်၊ ကြားဘူး၊နား၀၊ စာပေနှင့် စိန္တာမယဉာဏ်၊ကြံစီသိနှင့်၊သဘောကြ ပြီးမှ၊ အတွေ့ကို ရှာလိုကရှာကြသည်။ ၎င်းတို့ကား (နာမ်ကရှေ့က ရုပ်က နောက်က။)ဖြစ်၍နေတော့၏။

ရုပ်ရှေ့၊ နာမ်နောက် မဂ်, ဖိုလ်, နိဗ္ဗာန်သို့ရောက်မည်။ နာမ်ရှေ့၊ ရုပ်နောက် ၃၁-ဘုံသို့ပြန်ပြန်ရောက်မည်။ ပထမ အရိယာအတွက်။ ဒုတိယ ပုထုဇဉ်အတွက်ပါဘဲ။

| စိတ် | စေတသိက် | ရုပ် | နိဗ္ဗာန် |
|---|---|---|---|
| ၁၂၁ | ၅၂ | ၂၈ | အသင်္ချေ-၁၀၀၀ |
| လူနာနှင့်တူ | ရောဂါနှင့်တူ | ဆေးနှင့်တူ | ရောဂါပျောက်ထါ |

စိတ်မှာ(၁၅၀၀၀) စေတသိက်၊ ကိလေသာ လောဘ

ဒေါသ၊မောဟ ရောဂါကပ်ငြိတော့ ရုပ်ဆေးကိုစားရသည်။ ပျောက်ငြိမ်းတာဟာ နိဗ္ဗာန်သဘောတည်း။ ကုသပုံတည်း။

| | | |
|---|---|---|
| နှာစေးတာကရုပ် | ခံစားသိတာ | အားမထုတ် |
| ကံ,စိတ်,ဥတု,အာဟာရ | နာမ်တရား | ရ ဘဲ နှင့် ပင်၊ |

နာမ်ရုပ်တရားဟာ တွေ့တွေ့နေရသည်။ သခ်ါရရုပ်နာမ်ပါဘဲ။[ သတိ၊သမာဓိထားတော့၊ကိုယ်ထဲမှ ရုပ်၊သိနာမ်ပေါ်သည်။ ပါရမီကပြုသော ရုပ်တည်း။ ၎င်းကပ္ပိုမှ စိတ်ပြောင်း သဘောပြောင်း၊ဉာဏ်ပြောင်းမည်။

နှာစေးဆင်းရဲပြတာ ဒုက္ခသစ္စာပါဘဲ။အဲဒီဒုက္ခသစ္စာကို ရှုရှုနေလျှင် တစက္ကန့်၌ ကုဋေတသိန်းလောက်၊ သမုဒယသစ္စာကိုပယ်ပယ်ပေးသည်။ကုဋေတသိန်းလောက် မဂ္ဂသစ္စာ မဂ္ဂ ကို ပေးပေးနေသည်။ ကုဋေတသိန်းလောက် နိရောဓသစ္စာကိုပေးပေးနေသည်။ (ကောဓမ္မော၊ ကောယနော၊ ကောဂ္ဂတာ၊အတ္ထတောကော် ပါဘဲ။ (ကောဓမ္မောဘိက္ခဝေ ဘာဝိတော၊ ဗဟုလီကတော၊ အဘိညာယ၊ သမ္ဗောဓါယ၊ နိဗ္ဗာနာယ သံဝတ္တတိ။) ပါဠိအတိုင်းဖြစ်၍ နေပေတော့သည်။၉၆-ပါး၊ရောဂါ(၁၅၀၀)ကိလေသာပေါ်ရာ၌ (နှာစေး ဒုက္ခသစ္စာ မူအတိုင်းပါဘဲ။

ဘုရားမှာ-၂။ ပစ္စေကမှာ-၂။ အဂ္ဂ-၂။ မဟာ-၂။ပကတိ-၂။ နတ္ထာ-၂။ နာ-၂။ က-၂ သောတာပန်တို့မှာ ရုပ်နာမ် ၂-ပါးစီမို့ ရုပ်နာမ် ၄-ပါးကိုသာ ရှုရမည်။ (ဝိဘူတာ၊

တရသော၀။) ပါဠိကြည့်ပါ။ ထင်ရှားတာသာ ရှုရမည်တဲ့။ (ပါဝင်ပေမဲ့ မထင်ရှားတာကို မရှုကြရပါ။ ရုပ်နာမ်ကိုရှုမှ လက္ခဏာစဉ်၊ ပရိညာစဉ်၊ဝိသုဒ္ဓိစဉ်၊ ဉာဏ်စဉ်တွေပါ တက်မည်။ ဒီလိုမကဘဲ [စာပေထဲကပြသည့်ဒ္ဓ တိုင်း အသေးစိပ်ပါတာတွေကို ရှုနေလျှင် အတီတံ နန္ဒာဂမေယျ။ ပါဠိ။ X ယောဘူတံ ဘူတတောဒိသွာ။) ပါဠိနှင့်လွဲနေမည်။

ပုထုဇဉ်ရုပ်နာမ်ကိုရှုတော့ သောတာပန်ဖြစ်သွားသည်။ ရုပ်နာမ်ကိုရှုတော့ သကဒါဂါမ်ဖြစ်သွားသည်။ ရုပ်နာမ်ကိုရှုတော့ အနာဂါမ်ဖြစ်သွားသည်။ရုပ်နာမ်ကိုရှုတော့ရဟန္တာဖြစ်သွားသည်။ရုပ်နာမ်ကိုရှုတော့ ဖလသမာပတ်ဝင်စားနိုင်သည်။ရုပ်နာမ်ကိုရှုတော့ နိရောဓသမာပတ်ဝင်စားနိုင်သည်။ ရုပ်နာမ်ကိုရှုတော့ ပရိနိဗ္ဗာန်ပြုသွားနိုင်သည်။ အဲဒါရုပ်နာမ်၏အစွမ်းတည်း။

ပေါ်ပြတာက(သေိ)ရှုချင်တာက ခန္ဓာငါးပါး။အာယတန ၁၂-ပါး။ဓါတ် ၁၈-ပါး။ ပဋိစ္စသမုပ္ပါဒ်-၁၉။ ပဋ္ဌာန်း ၂၄-ပစ္စည်းတွေနှင့် ကြံစီနေလျှင် (ဘာဝနာမယမဟုတ်ဘဲ။ သုတမယတွေသာဖြစ်ကုန်မည်။ X ပဋိပတ်မဟုတ်ဘဲ ပရိယတ်တွေသာဖြစ်ကုန်မည်။ပညာသိမဟုတ်ဘဲ။) ဝိညာဉ်သိ၊သညာသိ၊ ဒိဋ္ဌိသိ၊ ဝိတက်သိ၊သုတမယသိ၊စိန္တာမယသိတွေသာဖြစ်ကုန်တော့မည်။(လျှော့လျှင်မိစ္ဆာ သါလျှင်ဒိဋ္ဌိ)ကြည့်ပါဦး။

သစ်ပင် တောတောင် ရေ မြေ စသော အသက်မဲ့ဝတ္ထုများ၌လည်း။ ဓါတ်လေးပါးဘဲ။ လူ, နတ်, ပြဟ္မာ စသော

သက်ရှိများ၌လည်း ဓါတ်လေးပါးဘဲ။ ဓါတ်လေးပါးသာ ရှုဘို့ ပေါ်ပေါ်ပြတယ်။(ပါရှိပေမဲ့ ပေါ်မပြတာတွေဟာ) မရှုဘို့နှင့် မပြကြတာပါဘဲ။

မြတ်စွာဘုရား ကိုယ်တော်တိုင်ကပင် (ရုပ်နာမ်သာရှုရှု နေကြပါ။ ဉာဏ်စဉ်တက်မည်။ မဂ်စဉ်တက်မည်။ ဖိုလ်စဉ် တက်မည်။ (ဗာဒ္ဒ ဒေသနာနဲ့ပြတာ၊ ပရိယတ္တိနဲ့ ပြတာကို ထဲ့ထဲ့ပြီး ရှုရှုမနေကြပါနဲ့တဲ့။) (နာမရူပေ ပရိညာတေ အရိယသာဝကဿ၊ နတ္ထိကိဉ္စိ ဥတ္တရိကရဏီယန္တိ။) ဟူ၍ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၌ မိန့်ခဲ့ပါပြီ။

(အနက်ကား) နာမရူပေ၊ နာမ်နှင့်ရုပ်ကို။ပရိညာတေ၊ သိတာကနာမ်ဘဲ။တောကရုပ်ဘဲဟုပိုင်းခြားနိုင်သည်ရှိသော် အရိယသာဝကဿ၊အရိယာသာဝကအား။ ကိဉ္စိ၊ တစုံတခု သော။ဥတ္တရိ၊ရုပ်နာမ်မှအပိုအမို့။ကရဏီယံ၊ရှုဘွယ်ကိစ္စသည်။ နတ္ထိ၊ မရှိတော့ပါ။

သေိရုပ်နာမ် တတွဲထဲနဲ့ နာမရူပ ပရိစ္ဆေဒဉာဏ်၊ပစ္စယ ပရိဂ္ဂဟဉာဏ်။ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်၊ ဘယ၊အာဒိနဝ၊နိဗ္ဗိန္ဒ၊မုစ္စိတုကမျတာ၊ပဋိသင်္ခါ၊သင်္ခါရုပေက္ခာ အနုလောမ၊ဂေါတြဘူ၊မဂ်၊ ဖိုလ်၊ ပစ္စဝေက္ခဏာဉာဏ်(၁၆) တန်တို့တက်တက်လာပုံကို (ဉာဏစာဂိမဟာထေရ် ရေးပြ သော စာစောင်၌ ကြည့်ကြပါလေ။)

ခုဒ္ဒကပါဌပါဠိတော် သောပါကဝတ္ထု၌ ၁-၂-၃-၄-၅
၆-၇-၈-၉ အထိ တက်သွားပုံကို ၇-နှစ်အရွယ်။ အရှင်
သောပါကသည်။မြေနိုဗ်၍ (၇)နှစ်သားနှင့် ဥပသမ္ပဒပဥ္ဇင်း
ရဟန်းအဖြစ်ကို (ဒါယဇ္ဇ) အမွေပေး၍ မြှင့်တင်ခံရသည်။
၎င်းမှာ (အနှစ် ၂၀-မစောင့်ရပါ။) သိမ်ထဲမဝင်ရပါ။
ဉာတ်ကမ္မဝါစာ မဖတ်ရပါ။ ရဟန်းဖြစ်ရသည်။ ရှုပ်နာမ်
သေတ္တိပါဘဲ။

၅၅၀-ဇာတ်တော် ဝိသတိနိပါတ် ဟတ္ထိပါလ ဇာတ်
တော်၌ ကျောက်တောင်တခု၏ လိုဏ်ဂူကြီးထဲ၌ ဟသ်ာ
(၉၀၀၀၀)နေကြသည်။ပင့်ကူကြီးကပိုက်ကာ၍လှောင်ထါး
သည်။ ဖမ်းဖမ်းစားသည်။ ဟသ်ာတွေကုန်မှာစိုး၍ ပိုက်ကို
ဖေါက်နိုင်သူကို ရွေးချယ်ကြသည်။ (ရုပ်နာမ် ၂-ပါးနှင့်တူ
သော)ဟသ်ာ ၂-ဦးက အပေါက် ၂-ပေါက်ဖေါက် ပေးမှ
ကျန်သော ဟသ်ာများ ကျွတ်လွတ်ထွက်မြောက်ကြရသည်။
ဉာဏ်စဉ် ၁၆-ပါး၊ ၅၅-ပါး၌လည်း(နာမရူပ)က ဖေါက်
ပေးပါမှ ကျန်သောဉာဏ်တွေ ထွက်ရတော့သည်။

မြွေကြွက်ဝတ္ထု၌ ပခြုပ်ထဲမှာ မြွေကို ထဲ့ထားသည်။
ကြွက်ကို အစာအဖြစ်ဖြင့် မြွေအားပေးသည်။(ကြွက်က)
စားချင်သော လောဘ သမုဒယကိုပယ်ပါ။(ကြွက်က)ကိုက်
ဖေါက်ပေးမည်၊ အပေါက်ရတော့ ကြွက်ရော၊ မြွေရော
ကျွတ်လွတ်,ထွက်မြောက်ရသည်။ ကြွက်၌ အောက်သွား အ
ထက်သွားသည်၊ရုပ်နာမ်တည်း။သူ့ကြောင့်လွတ်ကြရသည်။

[နာမရူပ ပရိဇ္ဇေဒေန သင်္ကာယဒိဋ္ဌိယာ။] နိကာယ် အဋ္ဌကထာနှင့် ၇-ကျမ်းမှ။ နာမရူပ ပရိစ္ဆေဒေန၊ နာမ်ဘဲ ရုပ်ဘဲဟုပိုင်းခြားနိုင်သဖြင့်။သက္ကာယဒိဋ္ဌိယာ၊ သက္ကာယဒိဋ္ဌိ ကို။ပဟီနံ၊ပယ်သတ်နိုင်သည်။ဟောတိ၊ ဖြစ်၏။ ဒိဋ္ဌိကွာလျှင် အားလုံးဖြုတ်ကျရမြဲတည်း။

(ဣတိဝုတ်ပါဠိဒုတ်ကမှဂါထာ)

ပညာယ၊ ပရိဟီနေန

ပဿလောကံ သဒေဝကံ

နိဝိဋ္ဌံ နာမရူပသ္မိံ

ဣဒံ သစ္စန္တိ မညတိ။

ပညာယ၊ ပဿနာပညာ မဂ်ပညာမှ၊ ပရိဟီနေန၊ ဆုတ်ယုတ်၍နေသဖြင့်။နာမရူပသ္မိံ၊ နာမ်ရုပ် ၂-ပါး၌။ နိဝိဋ္ဌံ၊ ဒိဋ္ဌိငါ၊ တဏှာငါ၊ မာနငါဟုစွဲဝင်ပူးကပ်၍နေသော။သဒေဝကံ၊ နတ်လူနှင့်တကွသောလောကံ၊ ၃၁-ဘုံ သတ္တလောကကို။ပဿ၊ ရှုကြည့်စမ်းပါလေ့။ ဣဒံ၊ မြင် ကြား နံ လျှက် စသော အသိ ၆-ပါးသည်၊သစ္စန္တိ၊အမှန်ဘဲဟူ၍၊မညတိ၊မညနာ ၃-ပါးဖြင့်ပူးကပ်၍နေတော့၏။ ။၃၁-ဘုံမှာ လူ နတ် ဗြဟ္မာ တွေဟာ(ရုပ်နာမ် ကိုမရှုလို့ မညနာ ၃-ပါး၊ဂါဟ ၃-ပါး၊ပပဉ္စတရား-၃ ပါးဖြင့် သံသရာချဲ့ခြင်းကို ခံနေကြရသည်။ [ရုပ်နာမ်ကို တွေ့တော့ ၃၁-ဘုံမှ တစတစနှင့် တမဂ်တမဂ်နှင့်လွတ်ကျွတ် ထွက်မြောက်ရတော့သည်။

သဗ္ဗေသံ၊ ဒုက္ကရံ ဒိဋ္ဌံ
သုဒိဋ္ဌံ ရူပ မတ္တနော
သုဒိဋ္ဌံ နိဗ္ဗာနံတေန
သုဒ္ဓစိတ္တေန ယောဂိနော

ယေန ယောဂိ နော၊ အကြင် ယောဂီပုဂ္ဂိုလ် လူ ထိုထိုသည်။ အတ္တနော မိမိ၏။ ရူပံ၊ လှုပ်လှုပ်–ရှရှ ဖြစ် ပေါ် သမျှ သော ရုပ်တရားကို။ သုဒိဋ္ဌံ၊ သတိကိုစိုက်။ သမာဓိ ပိုက်က နှစ်ချိုက်စွာပင် မြင်ရတော့၏။ တေနယောဂိနာ၊ ထိုယောဂီ ပုဂ္ဂိုလ် လူထိုထိုသည်။ သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော အမြင်တို့ တွင်။ ဒုက္ကရံ၊ အခဲယဉ်းဆုံးကို တွေ့မြင်ရသည်မည်၏။ သုဒ္ဓ စိတ္တေန၊ စင်ကြယ်သော စိတ်ရှိသော။ တေန**ယောဂိနာ**၊ ထိုယောဂီပုဂ္ဂိုလ် လူထိုထိုသည်။ နိဗ္ဗာနံ၊ ဒုက္ခခပ်သိမ်းကင်း ပြတ်ငြိမ်းတဲ့ နိဗ္ဗာန်ကို။ သုဒိဋ္ဌံ၊ ဝိပဿနာဇော ယှဉ်သဘော ဖြင့်။ အလျှင်တစော မြင်ရသည်မည်၏။

ဝိဇ္ဇာ၊ အဘိညာဉ်၊ သမာပတ်၊ ဈာန်ဖြင့်တောင်မှ ခန္ဓာထဲ က ရုပ်တရားကိုမြင်ဘို့ ခဲရင်းပါတယ်။ ရုပ်ကိုနာမ်ဖြင့် မြင် လျှင် အခဲရင်းဆုံးကို မြင်ပြီဟု သိကြပါ။ ရုပ်ကိုတောင်မှ မြင်စွမ်းနိုင်သော ယောဂီဟာ နိဗ္ဗာန်ကိုလဲ မြင်စွမ်းနိုင်တော့ ၏ဟူလို။

သုခုမန္တေ ပဋိဝိဇ္ဈန္တိ
ဥသုနာ ဝါလဂ္ဂံ ယထာ
ယေပဉ္စက္ခန္ဓေပဿန္တိ
ပရတော နောစအတ္တတော

ထေရဂါထာ ပါဠိတော်။ ယေ၊ ရဟန်း၊ ရှင် လူ မည်သူ မဆို အကြင်ပုဂ္ဂိုလ်တို့သည်၊ ပဉ္စက္ခန္ဓေ၊ ဖေါက်ပြန်၊ ခံစား မှတ်သား စီမံ သိခဲ့ပြန်။ ဟူသော ဓါတ်ခန္ဓာ ငါးပါးတို့ကို

ပချတော၊ ငါနှင့်မဆိုင် ငါပိုင်မရ အနတ္တသဘော အားဖြင့် ပယသန္တိ၊ မြင်ကြကုန်၏။ အတ္တတော၊ ငါနှင့်သာဆိုင် ငါပိုင် အတ္တသဘောအားဖြင့်။ နောပယသန္တိ၊ မရှုမမြင်ကုန်။ တော၊ ထိုယောဂီသခင်။ ပညာရှင်တို့သည်။ သုခုမ၊ သိမ်မွေ့လှစွာ သော။ဝါလဂ္ဂ ၊သားမြီးဖျားကို။ဥသုနာ၊မျှားဖြင့်။ ပဋိဝိဇ္ဈန္တိ ယထာ၊ အလည်ဗဟိုရ် ထုတ်ချင်းလျှိုအောင် ပြစ်ခပ်နိုင် သကဲ့သို့တည်း။

ရုပ်နာမ်ပရမတ္ထဆိုတာ။အာဠာရ၊ဥဒက၊ဒေဝိလ၊ဗြဟ္မာ ကြီးများတောင်မှ ဈာန်၊ အဘိညာဉ်နှင့် မမြင်နိုင်ကြပါ။ ယောဂီများကတော့ ဟိုနေရာမှ ဤနေရာမှ ပရမတ္ထ ရုပ် နာမ်တို့ကို တွေ့မြင်ကြရလေပြီ။ ဖေါက်ပြန်၊ ခံစား၊ မှတ် သား၊ စီမံ၊ သိခဲ့ပြန်ဆိုတဲ့ ဓါတ် ခန္ဓာငါးပါးကိုလဲ တွေ့ကြ မြင်ကြရပါပြီ။ ငါနှင့်မဆိုင်၊ ငါပိုင်မဟုတ်ဘူးဟူ၍။ အနတ္တ နှင့်သိကြလေပြီ။ ငါနှင့်ဆိုင်တယ်။ ငါသာပိုင်တဲ့ အတ္တဘဲဟု မယူကြပါ။ ဤအထိအမြင်စူး၊ အသိထူးကြသော ပုဂ္ဂိုလ် တို့ကို ဥပမာ ပေးရလျှင် ဧကြိမ်သော သားကောင်၏ အမွေးတမျှင်ကို အလယ်က ပေါက်အောင် မျှားဖြင့် ပြစ် စွမ်းနိုင်သောသူကဲ့သို့တည်းတဲ့။

၅၅၀-ဇာတ်တော် ဂင်္ဂါမာလဝတ္ထု၌ ရှင်ဘုရင်က ၂-ပဲ ပေးမည်။မင်း၏ ၂-ပဲကိုမယူပါနှင့်တဲ့။ (ရေသည်က) ဘုရင် ပေးတဲ့ ၂-ပဲလဲယူမည်။ မိမိ ၂-ပဲလဲ ယူမည်ဟု ပြောသည်။

(ဘုရင်က) တမတ်ပေးမယ် ၂-ပဲကိုမယူနှင့်ဟုတားမြစ်သည်။

(ရေသည်က) ဘုရင်ပေးတဲ့ တမတ်လဲယူမည်။မိမိ ၂-ပဲလဲယူမည်ဟုပြောသည်။ ထိုအခါ ဘုရင်က ငါးမူးပေးမည်။ ၂-ပဲကိုမယူနှင့်ဟု တားမြစ်သည်။

(ရေသည်က) ငါးမူးလဲယူမည်။ ၂-ပဲလဲယူမည်ဟုပြောသည်။

ဘုရင်က တကျပ်ပေးမည်။ ၂-ပဲကိုမယူနှင့်ဟု တားမြစ်သည်။

(ရေသည်က) တကျပ်လဲယူမည်။ ၂-ပဲလဲယူမည်ဟုပြောသည်။ဒီပုံအတိုင်း ၂-ပဲကိုမယူစေဘို့ တက်တက်ပြီး ပေးပေးလာခဲ့ရာ(အိမ်ရှေ့မင်း ရာထူးပေးမှာဘဲ။) ၂-ပဲကို မယူတော့ဘူးဟု ဝန်ခံသည်။ အဲဒါရေသည်၏ဝတ္ထု ဥပမာပါဘဲ။ ယခုလဲ ရုပ်နာမ် ၂-ပါးနဲ့။နာမရူပပရိစ္ဆေဒဉာဏ်ကိုယူသည်။ ရုပ်နာမ် ၂-ပါးနဲ့ ပစ္စယပရိဂ္ဂဟဉာဏ်ကိုယူသည်။X ရုပ်နာမ် ၂-ပါးနဲ့ သမ္မသန ဉာဏ်ကိုယူသည်။X ရုပ်နာမ် ၂-ပါးနဲ့ ဥဒယဗ္ဗယဉာဏ်ကိုယူသည်။X ရုပ်နာမ် ၂-ပါးနဲ့ဘင်ဉာဏ်ကိုယူသည်။Xရုပ်နာမ် ၂-ပါးနဲ့**ဘယဉာဏ်**ကိုယူသည်။Xရုပ်နာမ် ၂-ပါးနဲ့ အာဒီနဝ**ဉာဏ်**ကို ယူသည်။X ရုပ်နာမ် ၂-ပါးနဲ့ နိဗ္ဗိန္ဒဉာဏ်ကိုယူသည်။ ရုပ်နာမ် ၂-ပါးနှင့် မုစ္စိတုကမျတာဉာဏ်ကိုယူသည်။X ရုပ်နာမ် ၂-ပါးနဲ့ ပဋိသင်္ခါဉာဏ်ကို ယူ

သည်။ ရုပ်နာမ် ၂-ပါးနှင့် ရုပေက္ခာဉာဏ်ကို ယူသည်။× ရုပ်နာမ် ၂-ပါးနှင့် အနုလောမ ဉာဏ်ကိုယူသည်။× ၎င်းမှ နောက်၌မူကား ရုပ်နာမ်ချုပ်မှုနှင့် ဂေါတြဘူဉာဏ်ကို ယူသည်။×ရုပ်နာမ်ချုပ်မှုနှင့် မဂ်ဉာဏ်ကိုယူသည်။× ရုပ်နာမ် ချုပ်မှုနှင့် ဖိုလ်ဉာဏ်ကို ယူသည်။× ရုပ်နာမ် ချုပ်မှုနှင့် ပစ္စဝေက္ခဏာဉာဏ်ကို ယူသည်။× (ရုပ်နာမ်နှင့် ဉာဏ်စဉ် ၁၂-ပါးအထိ။)ယူ၏။

သတ္တဝါမှန်သမျှ-အနန္တ အထွေထွေ။
မိတ်ဟောင်း ဆွေဟောင်း-အပေါင်းဝေနေ၊
ဘေးဘယ-ဝေးစွ အေးမြပါစေ။
ဆုမွန်တောင်း အပေါင်းယောဂီတွေ။ ။

## စန္ဒာဝေရော် တရားတော်

စန္ဒာဝေရော်၊ ဆန်းသစ်ပေါ်သို့၊ ဘောဇော်ဟိတ်ကြ။ စိတ်တြနှင့်တိက္ခဂမ္ဘီ၊ ဉာဏ်ဝသီနှင့် ကြံစည်လေ့လာ အားထုတ်ကာ လျှင်၊ သံသရာနယ် သမုဒ်လယ်၌ မြုပ်ကွယ်နေသူ များရှင်လူကို ကယ်ယူစေငှါ၊ ဆင်းရဲကွာသို့၊ ကျမ်းစာထွေထွေ ရေးပြုပေသား ကဝေတက္ကသိ၊ ဉာဏ်ရည်ရောင်ဖြာ၊ ထွန်းပစ္စာ၌ မဟာထေရ်ကျော် ဆရာတော်ဟု ထင်ပေါ်ဂုဏ်ထူး၊ သင်းပြန့်ကြူးသားကျေးဇူးတော်ရှင်၊ ထေရ်အရှင်၏ စက်ပြင် ၂-ဖုံ ပါဒေစုံကို။ ပဒုံပက်ဇာ၊ သွင်ပမာဖြင့် သီသာ၊ တက်တွင်။ ဆယ်လက်ယှဉ်၍ လျှောက်တင်ဝံ့ပါ၊ ဝဋ္ဋသုံးဖြာမှာ ဆုံးရာမထင် လမ်းအစဉ်ကိုကျွမ်းကျင်မသိ၊ စွမ်းအင်ချို၍ ဝိဇ်ကိုစွာ ထိတ်စရာဟု၊ အဝိဇ္ဇာမိုး၊ ပိတ်ကာဆီး၍ မှောင်ကြီးကျလာ နေဆဲမှာလျှင် ယာဉ်သဇ နေနတ် ငွေပြဿာဒ်မှ မြေခါတ်ကြည်အောင် အဆဘောင်းသလျှက်၊ ခြည်ရောင် ဝင်းဝင်း မှောင်ပယ်ရှင်း၍။ ထံရင်းရှိနေ တပည့်တော့်ကို၊ ဝိသေပြုကာ ကရုဏာဖြင့်။ မေတ္တာရှေးရှု၊ အဖေးယူလျှက်၊ လေးဆူသစ္စာ အခွင့်သာအောင် ကျင့်ရာတရား၊ အစားစားကို အားထားတိုင်းပင်၊ သိကြောင်းထင်လျှက်။ အမြင်စွမ်းသန်၊ ရုပ်နှင့်နာမ်ကို ကျမ်းဂန်ဖွေထုတ် ရွှေအာကြုတ်မှ ချေထုတ်ဖွင့်ကာ၊ မလင့်သာသည်။ ထင်စာဟောမိန့် ပြုတော်မူပါ ဆရာသခင် အရှင်မြတ်ကြီးဘုရား။

သာသိနာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

ဉာဏစာဂီဆရာဘောဘုရား ရေးသားသော စာအုပ်များကို

ကူးယူပုံနှိပ်ခွင့်မပြု။

၁၃၃၀-နှစ်အတွက်

# ဉာဏစာဂီ မဟာထေရ်
# သာသနာပြုခဲ့ရာ

အဖွဲ့ကြီး လတ်-ငယ် ပေါင်း....(၄၃၆)ဖွဲ့။
စာအုပ်ပေါင်း.... (၁၃၃၉၅၅)
စာအုပ်မှ ဓမ္မစေတီပေါင်း .... (၂၇၆၉၄၉×၄၆၈၃၈၆)
စာရွက်ချပ်ရေပေါင်း.... (၂၈၇၅၀၅၀)
ချပ်ရေမှ ဓမ္မစေတီပေါင်း....(၂၈၆၄၅×၉၃၃၀၆၀၀)
ယောဂီပေါင်း....(၆)သန်း၊ (၅)သိန်းကျော်
ငါးမိနစ် အလှူခံသည်။
၁၃၃၀-ပြည့်နှစ်၊ တော်သလင်း လပြည့်နေ့က စခဲ့သည်။
(နတ်,လူ သာဓု ခေါ်စေသောင်။)

(အောင်သစ္စာစာပေတိုက်)(အောင်သစ္စာပုံနှိပ်တိုက်)
အမှတ်-၁၈၊ကမာရွတ် လက်ခုပ်ပင်၊မှတ်ပုံတင်(၀၁၄၈)(၀၃၅၃)
မောင်တူးက ပုံနှိပ်ထုတ်ဝေသည်၊